www.burmeseclassic.com

ပိုးမိုးစာပေ

အကြည်တော်

# တိမ်မင်းသမီးရဲ့ မိုနိုပိုလီ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



တအုပ်တိုက်
အမှတ်(၁၃)၊ ၁၀၇-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၀၉၉၅



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြဲ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးစိုးသိမ်း (မြဲ - ၀၂၀၇၉)<br>သုခပုံနှိပ်တိုက်<br>အမှတ်(၁၄၈)၊ ၄၅-လမ်း(အထက်)၊<br>ဗိုလ်တထောင်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဋ္ဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ။<br>ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၈၀၀ ကျပ် |

အကြည်တော်

တိမ်မင်းသမီးရဲ့မိုနိုပိုလီ/အကြည်တော် ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၃
၁၄၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) တိမ်မင်းသမီးရဲ့မိုနိုပိုလီ






ငယ်ကချစ်တော့ အနှစ်တစ်ရာမမေ့သာ။

ငယ်ကပေါင်းတော့ အနှစ်တစ်သောင်း မမေ့ကောင်းတဲ့။

ချစ်သူရဲ့ခြေတော်ရင်းမှာ ပန်းတစ်ခင်း ပွင့်မယ်ဆို၊ အဲဒီပွင့်တဲ့ပန်းဟာ ကိုယ်ပဲဖြစ်ပါရစေဘု။

နံနက်ခင်းများစွာ ညခင်းများစွာ မင်းရဲ့ခြေသံကို နားစွင့်ရင်း တမန်တော်နှလုံးအိမ်ထဲ စွဲလမ်းနေရတဲ့ ကိုယ်တို့ရဲ့ငယ်ဘဝကို မေ့နိုင်ပါ့မလားဘု။

ဟိုးငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ကိုယ့်ရဲ့ဖွားဖက်တော်သဖွယ် ကပ်ပါလာတဲ့ ပျော်



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဖွယ် အလှနတ်သမီးကို မျက်ဝန်းထဲစွဲထင်နေတာ ကိုယ့်ရဲ့ဝဋ်နာကံနာဘူ။

သန်းဘုန်နဲ့ပိုလီဆိုတာ လူမှန်းသိစ၊ စကားပြောတတ်စ၊ သီချင်းဆိုတတ်စအချိန်ကတည်းက ရွှေလက်ကိုတွဲ၊ အတူတကွ တစ်လမ်းဝင်တစ်လမ်းထွက် လန်းဆတ်တဲ့အပြုံးတွေနဲ့ လျှောက်လှမ်းခဲ့တာ မမေ့နိုင်ပါဘူးဘူ။

နေ့ရှိရှိ၊ ညရှိရှိမှာ ကိုယ့်ဘဝရဲ့ ရုပ်ပွားတော်အဖြစ် အမြဲပါလာသော မင်းနဲ့အတူတကွ ဟစ်ကြွေးခဲ့တဲ့ သီချင်းကလေးကို မှတ်မိသေးတယ်ဘူ။

"တို့များငယ်ငယ်တုန်းက ရွာလည်လမ်းဆီကနေ လက်ချင်းယှက်ကာ တောင်းကာ ရမ်းကာ ကျောင်းထွက်လာကြတာတွေ မေ့နိုင်ပါသေး၊ မင်းတို့ငါတို့ ငယ်ငယ်တုန်းကလေ"

လူတိုင်းက အနားကပ်လိုက်တိုင်း

"ဟွန်း နံလိုက်တာ"

လို့ အော်မြည်ရတဲ့ မင်းရဲ့ကိုယ်သင်းနံ့ထုံထုံ။ ဆံနွယ်စကို တစ်ခြမ်းစောင်းချရလောက်အောင် ဖုံးလွှဲထားတဲ့ တိမ်စွဲမျက်ဝန်း။ ဒါတွေဟာ အရှင့်ရဲ့နယ်ပယ်အောက်မှာ ကျဆုံးရတဲ့ အလှတရားပါပဲဘူ။

အရောင်စုံလောကကြီးထဲ လှပတဲ့ခြေကိုနင်းပြီး အင်မတန်အတွဲညီလှတဲ့ သန်းဘုန်နဲ့ပိုလီရဲ့အတွဲ။

ကိုယ်က ဘီလပ်ရေ အဖုံးခွံတစ်ပုံကြီးထည့်ထားတဲ့ ဝါးဆစ်ပုံ လက်ဖျံကြောထောင်ထသည်ထိကို ပိုင်ပိုင်နိုင်နိုင်ကိုင်။ ချစ်သောဘုက ခြူလေးကိုဆွဲ။ တစ်လမ်းဝင်တစ်လမ်းထွက် မမောနိုင်မပန်းနိုင်နဲ့ မင်းရဲ့အသံစာစာ။

"အစ်ကိုကြီးတို့ အစ်မကြီးတို့ရေ ထမင်းဖိုးလေးများ ဟင်းဖိုးလေးများ တစ်ကျပ်လောက် ပေးသနားပါ၊ ဒီမှာ နေ့နဲ့ညနဲ့ ညနဲ့နေ့နဲ့ ထမင်းမစားရသေးလို့ပါ"

ဆိုတဲ့ သာယာနာပျော်ဖွယ် စွာကျယ်ကျယ်မင်းအသံ။ လက်ကျလက်န ပိရိသေသပ်ပြီး လိုအပ်သလို ထွက်နေတဲ့ ကိုယ့်ရဲ့ဝါးဆစ်ပုံ။ တစ်ခါတစ်ရံ မင်းနဲ့စုံတွဲသီဆိုရတာကိုက ကြည်နူးမဆုံးပါဘူးဘူ။ ကြည်နူးမဆုံးပါပဲဘူ။

"ရေမြေတွေ ခြားနေပေမယ့်လဲ ခေါ်သံလေး နားထဲကြားမိလိုက်သလိုပဲ၊ အဆင်ပြေမလား တွေးရင်းနဲ့ ရင်မောဲ၊ နင်နေများ ကောင်းရဲ့လား၊ မိုင်ထောင်ချီဝေးနေပေမယ့်"

တစ်ခါတစ်ရံမှာလဲ ကိုယ့်ရဲ့ ဝါးဆစ်ပုံကို စည်းကျကျခေါက်၊ မင်းက အသံစွာစွာနဲ့

"ပြိုင်ကားလှလှလေးနဲ့ လာမချုပ်နဲ့၊ လာမချုပ်နဲ့၊ စကားလုံး လှလှလေးနဲ့ လာမချုပ်နဲ့၊ လာမချုပ်နဲ့၊ လာမချုပ်နဲ့၊ ဘရင်း ဘရင်း လှလှလေးနဲ့ လာမချုပ်နဲ့ လာမချုပ်နဲ့ လာမချုပ်နဲ့"

ဒီလိုစီညံစွာလှပတဲ့ တေးသံ

ငါ့ရဲ့ညိုမြနေတဲ့
ခြေထောက်ကိုကြည့်ပြီး
ဝမ်းသာအားရအော်သံ။
မီးတွင်းထဲ ကျူးကုတ်ကျူးခဲ
ကြိုးစားခဲ့ရတဲ့ ငါ့မာတာ၊
ချွေးသံ တရွှဲရွှဲနဲ့
အပြုံးပန်းပွင့်ပြီး







www.burmeseclassic.com

www.burmeseclassic.com



တွေက တိုက်ပေါ်ကကျဲချလိုက်တဲ့ အကြွေစများကို အပြေးအလွှား လုယက်ကောက်ရင်း တို့ကို ငွေရှာစက်ဖြစ်စေခဲ့တယ်မဟုတ်လားဘု။ ပြောပါရစေဘု။

ဆင္ဌမအာရုံခံတံခါးကို ဆွဲဖွင့်အပြီး အူဝဲဆိုတဲ့ငိုသံနဲ့အတူ ကျယ်ပြောလှတဲ့ လောကကြီးထဲ လှမ်းဝင်လာတဲ့ငါ့ကို လက်သည်ကြီး ဒေါ်အီက ခြေထောက်ကကိုင်မြှောက်၊ တင်ပါးကို ဖြန်းဖြန်းနဲ့ချပြီး ဝမ်းသာအားရနဲ့

"ဟယ် ဒီကောင်လေး မွေးကတည်းက ထမင်းအိုးလေးနဲ့ ဟော့၊ ကြည့်စမ်း၊ ခြေလေးတစ်ဖက်သိမ်နေတာ"

ငါ့ရဲ့သိမ်နေတဲ့ ခြေထောက်ကိုကြည့်ပြီး ဝမ်းသာအားရအော်သံ။ မီးတွင်းထဲ ကျားကုတ်ကျားခဲ ကြိုးစားခဲ့ရတဲ့ ငါ့မာတာ၊ ချွေးသံတရွဲရွဲနဲ့ အပြုံးပန်းပွင့်ပြီး

"ပါရမီကောင်းတဲ့ကလေး မိဘကို မွေးကတည်းက လုပ်ကျွေးမှာ"

လောကကြီးမှာ အမှန်တရားပေါင်း မြောက်မြားစွာရှိတယ်ဘု။ ပန်းတွေပွင့်တာလဲ အမှန်တရား၊ နေရောင်ကွယ်ပျောက်တာလဲ အမှန်တရား၊ ကမ္ဘာကြီးလည်ပတ်နေတာလဲ အမှန်တရား၊ စစ်ပွဲတွေ ဖြစ်နေကြတာလဲ အမှန်တရား၊ နောက်ဆုံး တချို့နေရာမှာ အမှန်တရား ပျောက်ဆုံးနေတာတောင် အမှန်တရားမဟုတ်လား။

ငါ့ရဲ့အမေစကားကလဲ အမှန်တရား တစ်ခုပါပဲ။ ငါဟာ စကားမပြောတတ်မီအရွယ်ကတည်းက ကိုယ့်အားကိုယ်ကိုး၊ သိမ်နေတဲ့ ကိုယ့်ခြေထောက်ပြုပြီး

"အစ်ကိုကြီး အစ်မကြီးတို့ရယ် သားလေးဆေးကုဖို့ပါ"

အမေ့ခမျာ အသံကလေးနဲ့ မျက်နှာကလေးခံရုံနဲ့ အမေ့လက်ပေါ် ငွေတဖွဲဖွဲ။





ရာသီအလီလီပြောင်း ရွက်ဟောင်းကြွေကျမြေခ၊ ရွက်သစ်တွေ အကြိမ်ကြိမ်ဝေတော့ အမေကိုယ်တိုင် တောင် လိုက်စရာမလိုဘဲ ငါ့ကို အငှား ချတဲ့အထိ ပါရမီကောင်းခဲ့တယ်လေ။

"ဟော့ ပိုလီကိုလိုချင်ရင် ဘိုဘင်တင်ဟော့၊ မတင်ရင်မရဘူး"

အမေ ပြုတ်သွားခဲ့တယ်။ အမေခိုင်မာခဲ့တယ်။ အမေ မာနကြီးခဲ့တယ်။ အမေဟာ ဆုံးဖြတ်ချက်တွေ ရဲရင့်ခဲ့တယ်ဘု။ ဟောဒီ အမှိုက်ပုံနံဘေး အကျော်တဲတစ်ကြောမှာ အမေဟာ မာနတံခွန်ထူခဲ့တယ်ဘု။ အမေဟာ ငါ့တို့ ရဲရဲဝံ့ဝံ့ကိုင်မြှောက်ပြီး မာနတွေ ဝင့်ခဲ့တယ်။



အမေဟာ ငှားတဲ့လူလက်ထဲ ထည့်လိုက်ရုံနဲ့ နေ့တွက်စီသွားတယ်။

ငါကလဲ ငါပဲလေ ဘု။

မွေးကတည်းက သူတောင်း စားအချင်းချင်း ပြန်ကြည့်ပြီး

"သူတောင်းစားရုပ်"

လို့ ထအော်ရလောက်ထိ ပါရမီကောင်းခဲ့တယ်။ ဟုတ်တယ်။ ငါဟာ မာနကြီးလို့ပြောတာ မဟုတ်ဘူး။ ကြွားပြောစရာလဲ မလိုဘူး။ ငါ့ကိုယ်ငါလဲ



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ကြိမ်ဆန်းစစ်ခဲ့ပြီ။

ကိုယ့်မျက်ခွက်ကိုယ် လက်ညှိုးပြန်ထိုးပြီး

"ပီဘိသူတောင်းစားရုပ်"

လို့ပဲ ကြွေးကြော်လိုက်ချင်တယ်ဘု။ ကြွေးကြော်လိုက်ချင်ပါတယ်။ ဒါတွေဟာ ငါကြွားပြောနေတာ မဟုတ်ပါဘူးဘု။ ချစ်ရပါသောဘု။ မျက်လုံးလည်ရွဲနဲ့ အားရသွားအောင် ပြောခြင်းမျိုးမဟုတ်ကြောင်း ကျိန်ဆိုပါတယ်ဘု။

"ကမ္ဘာမှာ ငါမှ ပီဘိသူတောင်းစားရုပ်"

ဒူးနန့်ပြီး ထပ်ပြောလိုက်မယ်ဘု။

"သူတောင်းစားချင်းယှဉ်ရင် မင်းအနူ လျော့ပါသေးတယ်"

ဒါတင်ပဲလားကွယ်ဘု။ စကားကို 'မေရိုးရိုး'လို့ စတတ်ကာတည်းက ဒီလိုမာနနန်းထက်က ဆင်းသက်လာတဲ့ ခြေဖဝါးနူနူကို တစ်ဖက်တည်း အားပြုနင်း၊ တစ်ဖက်ကို ပန်းပွင့်ပါးပြင် ပွတ်သပ်မိသော ပိတုန်းငယ်နှုတ်သီးလို ခပ်ဖွဖွဒရွတ်ဆွဲရင်း မဲပွပွလက်ကို တအားကြီးမဆန့်တန်းမိစေဘဲ တံတောင်ကို ဆ၄မမြောက်နံရိုးအပေါ် ရှိုးရှိုးကလေးထောက်။ (ဒါမှ ကျန်တဲ့နံရိုး ကားပြီးပေါ်မှာကို)ခွက်စုတ်ကလေး ရှေ့ထုတ်ပြီး

"ဦးရိုးရယ် ဟီး တား ဗိုက်ဆာလို့ပါ ဟီး၊ ထမင်းဖိုးလေး ဟီး"

ဒါကို လူကြီးက

"ဟော့ကောင် မပေးနိုင်ဘူး သွား"

ဆိုတာတောင် ငါက

"ဗိုက်ခံ့မပေးလဲ ဟီး၊ ရှေ့က တမူဆာလေး ဟီး တစ်ခုလောက် ဟီး"

"အာ ဒီသူတောင်းစားကတော့ကွာ တောက် ရော့ ရော့





ရော့"

ဉာဏ်ပါရမီလဲ ရင့်သန်လေတော့ တီထွင်ပြီးလဲ တောင်းတတ်ခဲ့တယ်ဘု။

ဘု။

စကား စကား ပြောပါများတော့ အကြွားပါလာသည်ဆိုတာမှို မဟုတ်ခဲ့ပါဘူးဆိုတာ ဘုအသိဆုံးပါ။

လေယူလေသိမ်း၊ ပါရမီ၊ ရုပ်ခံ။ တီထွင်ကြံဆမှု၊ ဉာဏ်ရည်ဉာဏ်သွေး တီကျူသေသပ်မှုတို့နဲ့ပေါင်းစပ်လို့ သူတောင်းစားတစ်ကြောမှာ သင်တန်းဆရာလဲ ဖြစ်ခဲ့ဖူးတာ ချစ်သောဘုလဲ အသိဆုံးပါ။

မင်းတို့မိဘများကိုယ်တိုင် မင်းတို့ကို ဘောင်းဘီတော် လက်နှစ်သစ်ကိုချုပ်၊ ယမထာရွှေကြိမ်လုံးတော်နဲ့ တင်ပါးတော်ကို ဗျောတင်ရင်း

"ကြည့်စမ်း၊ ပိုလီတို့ ဘယ်လိုတောင်းတယ်ဆိုတာ နင်တို့ မမြင်ဘူးလား၊ အတုမယူဘူးလား"

"ရှီး ဖြန်း ဖြန်း"

ဒါတင်အားမရ၊ မိဘများကိုယ်တိုင် လည်ကုတ်ကဆွဲလို့။

"လုပ်ငန်းခွင်ဝင်နေရုံနဲ့ မပြီးဘူး၊ ပိုလီဆီမှာ ကျူရှင်ပြန်ယူ"

ငါ့မှာ တစ်နေကုန် တောင်းစားလို့ မအားလပ်တဲ့ကြားက သူတောင်းစားအားလုံးကို အချိန်ပိုင်းကျူရှင် ပြန်ပေးရသေးတယ်။

အဲဒီအချိန် ငါ့အသက်(၆)နှစ်။

အရွယ်နဲ့မလိုက်အောင် ပါရမီရင့်သန်လွန်းလှတဲ့ငါ့ကို အားလုံးက ငေးကြရတယ်။ အလုပ်အကိုင်ချင်းတူရင်တောင် ငါက ကျူးကျော်တဲဖက်လှည့်ရင်

"ဟဲ့ ပိုလီ၊ ထမင်းမစားရသေးဘူးထင်တယ်၊ ရော့ ရော့"

"ပိုလီ ထမင်းဆာလို့လား၊ ရော့ ဒီမှာထမင်းထုပ်"



www.burmeseclassic.com

www.burmeseclassic.com



သူတောင်းစားအချင်းချင်းပင် ပြန်လှူချင်လောက်အောင် ငါ့ရုပ်ခံပါရမီကောင်းခဲ့တယ်။

ချုပ်ညရီ မှောင်ရိပ်ဖြိုးလို့ ကြယ်ကလေးတွေ ပျိုးပျိုးပြက်ပြက် လင်းလက်ချိန်မှာ စာရွက်စုတ်ကလေး ရင်မှာအပ်၊ မီးလျှံနဲ့ခွန်အား သစ္စာတရား ခိုင်မာသောရုပ်ဖြင့် လမ်းမထက် အိပ်တန်းပျံသော အရိုင်းငှက်တို့ရဲ့ရှေ့ သဏ္ဍာန်လုပ် သရုပ်တူရတယ်။

“ဒီမှာလေ ခြေတစ်ချောင်းကိုနောက်ဆွဲ၊ တံတောင်က ဆဋ္ဌမ နံရိုးတိုကိုထောက်၊ ခွက်ကိုင်ထားတဲ့လက်ကို မခို့တရို့ ရင်ဘတ်ပေါ် ထူ ဒါမှ နံရိုးမြင်မှာ၊ ပြီးရင် မျက်လုံးလေးပင့်ပြီးပြော”

“အစ်ကိုကြီးရယ် သနားပါ”

သံပြိုင်။“အစ်ကိုကြီးရယ် သနားပါ”

“အသံဌာန်ကို သတိထား၊ အစ်ကိုကြီးဆိုတာကို ရင်ကလာတဲ့ အသံသုံး၊ သနားပါဆိုတာက နှာသံနဲ့ပြန်သိမ်း၊ ကဲ လိုက်ဆို”

“အစ်ကိုကြီးရယ် သနားပါ”

သံပြိုင်။ “အစ်ကိုကြီးရယ် သနားပါ”

“မဟုတ်သေးဘူး ဦးဂျလီ၊ လုပ်စားလာတာလဲ ကြာပြီ၊ ခေါင်းကို ရှေ့ကိုင်းထားတယ်ဆိုတာ အကြောင်းမဲ့မဟုတ်ဘူး၊ ကိုယ့်ရဲ့ခေါင်း ကထွက်တဲ့ အနံ့အသက်က ကိုယ်ရှေ့တိုးထားတဲ့အတွက် အနံ့ထွက် ပြီး အစားအသောက်ပျက်စေမယ်၊ ဒါမှ ဒီလူ မြန်မြန်ထွက်သွား အေး ရောဆိုပြီး”

“ရော့ ရော့ကွာ၊ အစားအသောက်ပျက်လှတယ်၊ ဆိုပြီး ပေး မှာ၊ သန်းဘု နှင့်ခွက်ကလေးက နိမ့်နေတယ်။ နိမ့်နေရင် နံရိုးမမြင် ရဘဲနေမယ်၊ ခွက်မြှင့်ပြီး ဗိုက်ရှုပ်ထား၊ ဒါမှ ပိုပြီးမစားနိုင်မသောက် နိုင်ပုံပေါ်မယ်၊ အေး ဟုတ်ပြီ၊ အားလုံးလိုက်ဆို”

“အစ်ကိုကြီးရယ် သနားပါ”





(သံပြိုင်) “အစ်ကိုကြီးရယ် သနားပါ”

“နောက်တစ်ခေါက် အစ်ကိုကြီးရယ် သနားပါ”

(သံပြိုင်) “အစ်ကိုကြီးရယ် သနားပါ”

“ဟုတ်ပြီ၊ ခေါင်းကို စားသုံးနေသူ အနံ့ထွက်အောင် လုပ်ရ ခယ်၊ မှတ်ထားရမယ့်စည်းကမ်းက ရေမချိုးရဘူး၊ အသစ်မဝတ်ရဘူး၊ ထမင်းစားပြီးရင်တောင် လက်မဆေးဘဲ ခေါင်းနဲ့ဖြစ်ဖြစ်၊ အင်္ကျီမှာ ဖြစ်ဖြစ် သုတ်ရမယ်၊ ကဲ ဒီနေ့တော့ ဒီလောက်ပဲ၊ တန်းမဖြုတ်ခင် နောက်ဆုံးတစ်ခေါက်”

“အစ်ကိုကြီးရယ် သနားပါ”

(သံပြိုင်)“အစ်ကိုကြီးရယ် သနားပါ”

“တန်းဖြုတ်”

အဲဒီတုန်းက ငါက (၆)နှစ်။

ဒီအဖြစ်အပျက်တွေကို မှတ်တမ်းအဖြစ်

“ဒေါ်ပုံအမှိုက်ပုံနံဘေးမှာ စာရေးလို့ထားခဲ့ချင်တယ်ကွယ်”

“ဒေါ်ပုံအမှိုက်ပုံနံဘေး စာရေးလို့ ထားချင်တယ်”

အဲ. . မေ့လို့။

ငါက စာမှမတတ်တာ။

× × ×



www.burmeseclassic.com

www.burmeseclassic.com





ဒီလိုပါပဲ. .

ကောက်လှိုင်းစည်းရှိရုံနဲ့ ထမင်း မဖြစ်ဘူးဘု။ "ကျေးဇူးတင်ပါတယ်"ဆိုတဲ့ စကား ပန်းကလေးတွေက ပြောရမယ်လို့မှ မဟုတ်တာ။ ဝါးဆစ်ဗုံကို တီးခတ်လိုက်တဲ့ အခါ နှလုံးသားရဲ့ ဆိတ်ငြိမ်မှုကို ချိုးဖျက်နိုင် ရမယ်။ အလင်းရောင်ထဲလူတွေဟာ ကပွဲ သဘင် ဆင်နွှဲချင်သွားရမယ်လေ။ ဒါဟာ သစ္စာတရား။

အရိပ်တစ်ခုလို မြက်ခင်းစိမ်းမှာ





သဲလျှောင်းနေရုံနဲ့ ဘဝတစ်ခုဟာ မစိုပြည်နိုင်ပါဘူး။ ကိုယ့်ရဲ့ ကိုယ်ပိုင် ဝါးဆစ်ဗုံလေး တီးခွင့်ပြုပါဘု။

အချိန်နှင့်အမျှ မအားလပ်ခဲ့တဲ့ငါဟာ မင်းကိုတော့ ဂရုစိုက် ခဲ့တယ် ဘု။

နင်ဟာလဲ ငါ့လိုမွေးရာပါ ပါရမီမရှိပေမယ့် နင်နဲ့ငါ အား သပ်ရက်မှာ ပြေးလွှားဆော့ကစားရင်း မန်ကျည်းပင်ပေါ်က နင် ခွေး ဘုအကျ၊ အောက်ကခဲစောင်းနဲ့ဆောင့်ပြီး မျက်ခုံးကွဲ၊ မျက်လုံးတစ် ဖက်ဒဏ်ရာရပြီး တိမ်စွဲရင်း တိမ်မင်းသမီးလေး ဖြစ်ခဲ့တယ်လေ။ တိမ်မင်းသမီးလေး ဖြစ်ခဲ့တယ်။

မွေးရာပါ ပါရမီမကောင်းပေမယ့် မျက်လုံးထိခိုက်ဒဏ်ရာရ ပြီး မျက်လုံးတိမ်စွဲကာ ငါ့ရဲ့စနစ်ကျတဲ့ သင်ရိုးညွှန်းတမ်းတွေနဲ့ ပေါင်း စပ်လိုက်တဲ့အခါ နင်ဟာ ပါရမီရှင်တစ်ယောက် ဖြစ်လာခဲ့ပါတယ်။

ဘယ်လောက်လဲဆို ငါက နင့်အရှေ့က သွားနေတုန်း နင်က အနောက်ကနေ

"အစ်ကိုကြီးရယ် သနားပါ"

လို့ဆိုလိုက်တိုင်း ငါတောင်ယောင်ပြီး အိတ်နှိုက်မိတာ အကြိမ် ကြိမ်။ ထမင်းအတူစားပြီး ပြန်ထွက်လာပြီး နင့်မျက်နှာကိုမြင်တိုင်း

"ထမင်းဆာနေသေးလို့လားဟင်"

လို့ မေးမိတာလဲ အကြိမ်ကြိမ် ဘု။

အရင်ကတော့ ဟောဒီကျူးကျော်တဲတစ်ကြောမှာ

"မျက်နှာပိုဇေရှင်မှန်ပြီး ဖစ်စစ်ကယ်ဖောမက်ကျတာ အသံ အနှိန် စာပေါင်ပွဲတာဆိုလို့ ပိုလီတစ်ယောက်ပဲရှိတယ်"

လို့ပြောနေရာကနေ သင်ရင်အတတ်လွယ်တဲ့ နင်ပါ ပါလာ တော့ ငါတို့အတွဲညီခဲ့တယ်လေ။

ပြာလဲ့လဲ့ မိုးသားအောက်မှာ မိုးစက်ကလေးများ ရေကန်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ကျလာသလို ခုန်ပေါက်ရင်း နင်က ဟိုဖက်လမ်းကဝင်၊ ငါက ဒီဖက်လမ်းကထွက်နဲ့ လူတွေရဲ့ပိုက်ဆံတွေ သဲ့သဲ့ယူခဲ့တာ နင်နဲ့ငါပဲ မဟုတ်လားဘု။

ဘဝဆိုတာ တားဆီးလို့မရလို့ ငါတို့ရဲ့ငွေခြည်လွှာကောင်းကင်ကလဲ အမြဲပြာမနေဘူးလေ။ ညမှောင်မဲမှာ ကြယ်လဲလင်းချင်လင်းရဲ့၊ ငွေလမင်းလဲ ကွင်းချင်ကွင်းရဲ့။ ပန်းကလေးများလဲ တိုးချင်တိုးရဲ့၊ ညှိုးချင်ညှိုးရဲ့။

ဘဝဆိုတာ တိုးတိုးလာတာမျိုးလေ။ ဒီအရွယ်မှာပဲ လျှော့နေချင်လို့မှ မဟုတ်တာ။ တို့တွေဘဝတွေလဲ တိုးလာခဲ့တာပေါ့။

× × ×







အရွယ်ရောက်လာ ဝါးဆစ်ပုံပေး
ကာ

ပညာပေးပေ တို့ဖေဖေ

တို့ဖေဖေရဲ့ကျေးဇူးကြောင့် ဝါးဆစ်ပုံထမ်းနိုင်တဲ့ အရွယ်ကစလို့ ငါက ဝါးဆစ်ပုံအတီးနဲ့ ဟာမိုနီ။ နင်က လီဒါဘိုကယ်၊ ချူဆို၊ တီးလုပ်ရင်း တို့ရဲ့ဘဝကို ပျော်ရွှင်စွာဖြတ်သန်းခဲ့ကြတယ် မဟုတ်လားဘု။

တစ်ခါတစ်ခါလဲ နင်က မယ်လိုဒီဆို၊ ငါက ရပ်(ပ်)စာသားတွေရွတ်ခဲ့တာ နင်



www.burmeseclassic.com

www.burmeseclassic.com



မမေ့နိုင်ပါဘူးနော်။ နင်နဲ့ငါနဲ့ အလိုက်ဖက်ဆုံး စိုင်းစိုင်းခမ်းလှိုင်ရဲ့ ဖေဖော်ဝါရီမှတ်တမ်းလေ။

“မျှော်လင့်နေတဲ့တိမ် စိတ္တဇဆန်တဲ့ ဒီမိုးများ ရွာနေတုန်း၊ ငါ ချမ်းလို့တုန်၊ မိုးသည်းတဲ့ညတွေမှာ တမ်းတနေ တစ်ညလုံး၊ ချစ်တတ်တဲ့ ငါတော့ရူး”

“နားထောင်ပါဦး ပရိသတ်ကြီးရယ်၊ ကျွန်တော် ဒီလောက်ထိချစ်ခဲ့တာကို အပြစ်မဲ့စွာသူဆိုလို့”

“ချစ်ခဲ့တာ လေးနှစ်၊ အပြစ်မဲ့စွာ ဝေးလွင့်”

“ဟုတ်ပါတယ်၊ လုပ်ပါတယ်၊ မင်းထင်တာထက် ယုတ်မာတယ်”

ဒီသီချင်း တို့စုံတွဲဆိုတိုင်း နားထောင်တဲ့ပရိသတ်တိုင်း မျက်ရည်လည်ရွဲ နှပ်တွဲလဲနဲ့ ငွေတွေ တဖွဲဖွဲကျခဲ့ရတယ်နော်။

× × ×







တစ်ခုသော တံခါးဝကို ညွှန်ပြရုံနဲ့ တို့တွေကျေနပ်ခဲ့ကြတာမှ မဟုတ်တာကွယ်။ တစ်ကျိုက်မျှသောက်မိတဲ့ရေနဲ့ ကျေနပ်ရမှာလား။

စမ်းချောင်းလို တစ်ခွေကြီးစီးပြီး အောင်မြင်ခြင်းခန်းမဆောင်ဘက်ရောက်ဖို့ တို့အတူကြိုးစားခဲ့ကြတာပဲလေ။

အိပ်ရာလဲ ပြင်ပြီးပြီ။ မီးအိမ်လဲ ထွန်းညှိပြီးရုံနဲ့ အိပ်စက်ခြင်းဆိုတာ အလိုလိုရောက်လာတာမှ မဟုတ်တာ။ ပင်လယ်ပြင်



www.burmeseclassic.com

www.burmeseclassic.com



တ လှိုင်းတွေကို ပုခက်လွှဲသလို လှုပ်ယမ်းနေတိုင်း အိပ်စက်ခြင်းက ရောက်လာတာမှ မဟုတ်တာ။

အိပ်စက်ခြင်းကိုရဖို့ ကိုယ်တိုင်အိပ်ယူရတာ မဟုတ်လား။

နှင်းဆီပန်းက အဖူးကလေးပဲ ရှိသေးတာ။ ဒီနေ့မှာ ပန်းမခူးရဘူးဆိုတဲ့စကား လိုအပ်သေးလို့လား။ မနက်စောစော နေရောင်ခြည်က တို့ကိုလက်ယပ်ခေါ်ခဲ့တယ်ဘု။

တို့တွေဖူးပွင့်ဖို့ ကြိုးစားခဲ့တယ်။ တို့တွေဖူးပွင့်ချင်လို့ ကြိုးစားခဲ့တယ်။ တို့တွေဖူးပွင့်လာဖို့ ကြိုးစားခဲ့တယ်။

ဒီလိုအတွေးမျိုးရတာနဲ့ ဘဝကို စိတ်နာခဲ့တယ်။

လောကကြီးမှာ တံခါးအချပ်ပေါင်း မြောက်မြားစွာရှိလျက်နဲ့ ငါတို့ဘာလို့ မတွန်းဖွင့်ခဲ့မိလဲ။ မဝေးတော့တဲ့ အနာဂတ်အတွက် ဘာလို့ ဒီဘဝနဲ့ပဲ ကျေနပ်နေခဲ့တာလဲ။

ငါ့ကိုယ်ငါ အားမရခဲ့ဘူးဘု။

လာလိုက်ပြန်သွားလိုက် လူအုပ်ကြီးနဲ့ ရောနှောနေရတဲ့ဘဝက ကျဉ်းကြပ်လွန်းပါတယ်။ လမ်းဆုံးမှ အထီးကျန်ရတဲ့ သရဖူကို ငါမလိုချင်ဘူး။ တို့တွေ ဖူးပွင့်ဖို့လိုတယ်။ တို့တွေ ထပ်ပြီး ဖူးပွင့်ဖို့လိုတယ်ဘု။ တို့တွေ ဘဝအရှည်ကြီးမှာ ထပ်ပြီး ထပ်ပြီး ဖူးပွင့်ဖို့လိုတယ်ဘု။

အဲဒီအတွေးနဲ့ အသက်ကို ခပ်ပြင်းပြင်းရှူ လက်ထဲကိုင်စွဲထားတဲ့ ဝါးဆစ်ပုံကို ခွမ်းခနဲပစ်ခွဲ၊ မယ်ဒိုလင်ကိုင်စွဲခဲ့တာ ငါပဲ မဟုတ်လားဘု။

"ငါပဲမဟုတ်လား"

ရရှိလာတဲ့ မယ်ဒိုလင်ကို နေ့မအား ညမအား အပတ်တကုတ် ကြိုးစားတီးခတ်လေ့ကျင့်လိုက်တာ ဘာကြာလို့လဲဘုရယ်။

တစ်လအတွင်း သီချင်းအပုဒ်(၆၀)လောက်တက်ပြီး ရီကောဒင်းတောင်သွင်းလို့ရတဲ့အနေအထားရခဲ့တယ် မဟုတ်လား။





မယ်ဒိုလင်တစ်လုံးနဲ့ မိုနိုသီချင်းတွေပိုင်လွန်းလို့ တို့အသိုင်းအဝိုင်းကလူတွေက 'မိုနိုဆိုပိုလီမှ'လို့ ပြောစမှတ်ပြုရင်း ငါ့နာမည်လဲ ပြောင်းလဲခဲ့ပြီ။

"မိုနိုပိုလီ"

ဒါပေမယ့် ငါဟာ နင်ဆိုတဲ့ တိမ်မင်းသမီးရဲ့ မိုနိုပိုလီပါ။

နင်နဲ့ငါဟာ

တိမ်မင်းသမီးရဲ့ မိုနိုပိုလီ။

× × ×



www.burmeseclassic.com

www.burmeseclassic.com





နင်က မျက်မှန်အနက်ကြီးတပ်၊ ငါ့လက်ကိုဆွဲ၊ ငါက မယ်ဒိုလင်သံဒေါင်ဒင်ပေးရင်း

"မျက်မမြင်ညီမလေးအတွက် အလှူခံပါတယ်၊ သနားကြပါခင်ဗျာ"

ငါ့ရဲ့ပီသကြည်မြပြီး ကရုဏာသံရှန်းရှန်းဝေနေတဲ့ အပိုအလို မရှိ ကြက်သီးတုန်တုန်ထလောက်တဲ့စကားဆုံးတာနဲ့ နင်က အနောက်ကနေ မယ်ဒိုလင်အလိုက်အတိုင်း

"ဦးရယ် ဦးရယ် ဦးမလာတဲ့ရက်





တလေးများမှာ သမီးတော့ သိပ်သိပ်လွမ်းတယ်၊ ကြိတ်ငိုရတယ် ချစ်သောဦးရယ်"

ဆိုတဲ့ နင့်ရဲ့ကရုဏာတစ်ဝက် ဖောရသတစ်ဝက် ရောလျက်အားတဲ့အသံကြားတာနဲ့ ငါတောင်ယောင်ပြီး ငါ့အိတ်ငါ ပြန်နှိုက်မိတယ်။

သူတောင်းစားအချင်းချင်းတောင် ပြန်လှူချင်စိတ် ရှိတယ်ဆို၊ ကျန်တဲ့သူတွေအတွက် စဉ်းစားကြည့်ပေါ့ဘုရယ်။

"ဦးတစ်ယောက်ရယ်မှ သိပါလေစကွယ်"

"သမီးမေးတဲ့ ဒီမေးခွန်းကို တန်ဖိုးထားဖြေလိုက်ပါ့မယ်၊ ဦးလဲ သမီးကိုသိပ်လွမ်းတယ်"

တစ်ခါတစ်ရံမှာလဲ တို့နှစ်ယောက်အောင်ပွဲခံနေကျ စုံတွဲအဆိုကလေးကလဲ ပရိသတ်ရင်ထဲငြိစွဲလို့ ရင်ကွဲနာတွေ ကျစေခဲ့တယ်ဆိုတာလား။

ကျား-"ပန်းကြိုက်တဲ့ ညီမလေးရယ်၊ ညီမလေးလိုပဲ ချစ်ပါတယ်"


မ-"ချစ်သူလိုလဲ ချစ်ပါကွယ်"

သံပြိုင်-"ပန်းလှလှ မြတ်နိုးသူမို့ တို့ပန်းတစ်ခင်းလေး ပန်ပေးလိုက်ချင်တယ်"

× × ×



www.burmeseclassic.com



ဘု။

နေရောင်ခြည်က ရယ်မောတဲ့အခါ သစ်ပင်ပန်းပင်လေးတွေက ခေါင်းထောင်ကြည့်ကြသတဲ့။

ပန်းကလေးများက သူတို့ရဲ့နာမကို မဖော်ကျူးပေမယ့် နေရောင်ခြည်က သိသတဲ့။

မြစ်ရေပြင်က ကမ်းပါးကို သိသလိုပေါ့။

သဘာဝတရားပါပဲဘု။





မိုးတိမ်က ငှက်ကလေးတွေကို အားကျသလို ငှက်ကလေးတွေက မိုးတိမ်ဘဝ လိုချင်ပြန်သတဲ့။

ဘယ်သူကများ လိုချင်တာနဲ့ရတာ အမြဲတစ်ထပ်တည်းကျနေလို့လဲကွယ်။

ဘုရယ်။

သဘာဝတရားတောင်မှ လိုချင်တာနဲ့ တစ်ထပ်တည်းမကျနိုင်တဲ့ဟာပဲကွယ်။

လူဆိုတာကရော လိုချင်တာနဲ့ အမြဲတစ်ထပ်တည်း ကျနိုင်ပါ့မလား။

ဘဝဆိုတာ ခက်ခဲတယ်၊ ကြမ်းတမ်းတယ်။ ရင်ဆိုင်မှုတွေ အများကြီးနဲ့ အမြဲကြုံနေရတယ်မဟုတ်လား။

ငါ့ဘဝကလဲ ဘာထူးလို့လဲဘု။

နေ့ခင်းပိုင်းမှာ မယ်ဒလင်တစ်ဖက်နဲ့ မအားလပ်ရတဲ့ကြား ညနေပြန်ရောက်ပြန်တော့လဲ မနားရပြန်တာ နင်အသိပါပဲဘု။

ငါ့ရဲ့တဲရှေ့ အသင့်စောင့်နေကြတဲ့ ကျူရှင်ကျောင်းသားတွေကို

“လက်တွေ့အသုံးချနည်း တောင်းရမ်းပညာ”

အသစ်အသစ်သောသူတွေကို ပညာခန်းအနေနဲ့ ပြန်လည်ပို့ချရမြဲပါဘု။

“အသစ်တွေ ဟိုဖက်ရွှေ့”

“လေးမြောင်းအောင် ဒီဖက်လာ”

“သုံးတံတားက ရှေ့တိုး”

ဘု။ သူတောင်းစားမှန်ရင် မြောင်းလေးမြောင်း အိပ်ဖူးရသလို၊ တံတားသုံးတံတားမှာလဲ တောင်းဖူးရတယ်လေ။

အဲဒီထဲကမှ လေးမြောင်းအောင်သုံးတံတားသမားက ဝါးဆစ်



www.burmeseclassic.com

www.burmeseclassic.com



ပုံကို သင်ရိုးကျွတ် သင်ပေးရတယ်။

"ဟိုကောင်တွေ အသစ်တွေ 'အစ်ကိုကြီးရယ် သနားပါ'အကြိမ် တစ်ထောင်ပြော၊ စာပေါင်ပုံအောင် ဌာန်ကရိုဏ်းကျအောင်ပြော၊ ဒီဖက်က သုံးတံတားသမားတွေက ဝါးဆစ်ပုံကိုင်"

"စမယ်"

"ပုံတူးတူး ပုံတူးတူး"

"လက်ကျသိပ်မကောင်းဘူး၊ ဒီလိုပုံနဲ့ ပရော်ဖက်ရှင်နယ်ဖက် ဘယ်လိုသွားမလဲ၊ ဝါးဆစ်ပုံရဲ့ဇာင်းနဲ့ မြေကြီးကို အသေအချာထိအောင်လုပ်၊ အဲဒီကပြန်အကြွမှာ ဝါးဆစ်ပုံချင်းထိအောင်ခပ်၊ ဒါမှ အထဲက ဘိလပ်ရေအဖုံးခွံတွေက ချွင်ချွမ်ဆိုပြီး အသံမြည်မှာ၊ ဟုတ်ပြီ ပြန်တီး"

"ပုံတူးတူး၊ ပုံတူးတူး"

"ကဲ သီချင်းဆို"

"ဆင်းရဲခြင်း လွတ်ကင်းအောင် လမ်းပြဆောင်ပါမည်၊ ရတနာခုနစ်သွယ် တကယ်ပင်စုံညီ၊ တို့အမျိုးသားတိုင်းပြည်၊ မွဲတဲ့သူ လျှဒါန်းနိုင်မည်၊ ကျောင်းဆောက်ကာ တံတားပါတည်၊ ဘိုးဘိုးအောင်နဲ့ ရှင်အစ္စဂေါနတို့ မ,တဲ့ ကိန်းဆိုက်မည်"

တချို့က
အတီးသပ်ရပ်ပြန်တော့လည်း
အတောင်းအရမ်း
မကျစ်လည်၊
အတောင်းအရမ်း
ကျစ်လည်ပြန်တော့လဲ
မောင်းထုတ်တော့
မပြေးတတ်။





"ဟော့ ချမ်းချမ်းသာသာ ကျန်းကျန်းမာမာ ဘေးရန်ကာဆီးမည်၊ လူမွဲတွေလဲ မနေ့ခေတ်မီ သူဌေးဖြစ်တော့မည်"

ဘု။

တို့လောကမှာ ဘာသာကြီးခြောက်ရပ်ကို သင်ရိုးကျွတ်သင်ပြီးမှ လုပ်ငန်းခွင်ဝင်တဲ့အခါ အဆင်ပြေတယ်မဟုတ်လား။ အဲဒီဘာသာကြီးခြောက်ချက်က

"ရုပ်၊ သံ၊ ဆို၊ တီး၊ တောင်း၊ ပြေး"

ဆိုပြီး အတိုကောက်မှတ်ကြရတာ မဟုတ်လား။ အပြည့်အစုံကတော့

အသံမှာ ကရုဏာရှိရမယ်။

ရုပ်မှာ စုတ်ရမယ်။

အဆိုမှာ ကောင်းရမယ်။

အတီးမှာ သပ်ရပ်ရမယ်။

အတောင်းမှာ ကျစ်လည်ရမယ်။

သူများမောင်းထုတ်ရင်လဲ ထွက်ပြေးတတ်ရမယ်။

ဒါတွေမှ ကောင်းမွန်စွာမတတ်ရင် လက်တွေ့လုပ်ငန်းခွင်ထဲမှာ ဘယ်လိုအဆင်ပြေပါ့မလဲ။

အချို့က ရုပ်ခံရှိပါရဲ့၊ အသံက မကောင်း။

တချို့က အသံ ကကောင်းပါရဲ့၊ အတီးက မသပ်ရပ်။

တချို့က အတီးသပ်ရပ်ပြန်တော့လည်း အတောင်းအရမ်းကျစ်လည်၊ အတောင်းအရမ်း ကျစ်လည်ပြန်တော့လဲ မောင်းထုတ်တော့ မပြေးတတ်။

ကဲ ဘယ်မှာ လောကကြီးနဲ့ သဟဇာတဖြစ်ကြလို့လဲ။

ဒါတွေပဲမဟုတ်လား။ လူတွေက အဲဒီဘာသာခြောက်ရပ်ကို တတ်ရုံနဲ့ လမ်းပေါ်ထွက်ချင်ကြတယ်လေ။ နင်နဲ့ငါလို ခြောက်ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ထူးရှင်တွေမှ မဟုတ်ကြတာ။ ဘယ်လိုအဆင်ပြေကြပါ့မလဲ။


ဒီပညာရပ်တွေကို ငါက နင့်ကို စေတနာရှိလို့ ပြောပြတာပါဘူး။

ဒီအကြောင်းတွေကို အခု ဒီစာရေးနေတဲ့ကောင်တောင် သိတာမဟုတ်ဘူး။

× × ×







ဘူ။

လောကကြီးက ထင်သလို မဖြစ်လာတတ်တာ ခမ္မတာပါပဲ။

ပွင့်ဝေချင်တဲ့ ဆန္ဒဝေဒနာရှိပေမယ့် ပန်းကလေးက သူမကြွေချင်ဘဲ ကြွေခဲ့ရတယ်။

လျှပ်ပန်းရောင်စုံ ပျိုးလက်နေပေမယ့် ညအမှောင်က တားဆီးထားတယ်။

ယိမ်းနွဲ့တဲ့ ဝါးရုံတွေက ခြံစည်းရိုးအပြင်ဖက်ကိုမှ အရိပ်မိုးထားသလို ရုံဖန်ရံခါ



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးက ပျက်ရယ်ပြုတတ်တယ်လေ။

မိုးထစ်ချုန်းရွာပြီး ခဏတိတ်သွားသလို ဘ၀ဆိုတာ စိုစွတ်ရုံလေးရှိတတ်ကြပြန်ရဲ့။ တကယ်ဆို ချစ်သူရဲ့အပါး လျှောက်လှမ်းရတာ ဘယ်သူကများ မနာလိုစရာရှိလဲကွယ်။

ဒါပေမယ့်လေ ဒါပေမယ့်ပေါ့။

ပြီးခဲ့တဲ့နွေရာသီမှာရွာတဲ့မိုးလို ရှေ့ပြေးနိမိတ်က မဲနက်လာတယ်။

"မေမေသဘောမတူနိုင်ဘူး သား"

"ဗျာ"

စွန်ပလွန်ပင်ပေါက်နေတဲ့ တောအုပ်ထဲရောက်ကာမှ ခြံ၀င်းတံခါး မပိတ်မိခဲ့သူလို ဇဝေဇဝါ။

"ဟုတ်တယ် သား၊ အခုလို သား ဟိုကောင်မလေးသန်းဘုနဲ့ အတူတွဲနေတာ မေမေလုံး၀သဘောမတူနိုင်ဘူး"

ကိုယ် ပျာပျာသလဲဖြစ်ပြီး

"မေမေ ဘာဖြစ်လို့လဲ မေမေ၊ သားနဲ့သန်းဘု အဆင်ပြေနေတာပဲ၊ ဘာဖြစ်လို့လဲ၊ ဘာပြဿနာရှိလို့လဲ"

မေမေက ခေါင်းမော့ရင်ကော့လိုက်ပြီး

"သားနဲ့ အဲဒီကလေးမ အဆင့်အတန်းမတူဘူးသား"

"ဗျာ"

လောကကြီး ချာချာလည်ခဲ့တယ်ဘု။

အဆင့်အတန်းတဲ့။ တစ်ခါမှ မစဉ်းစားဘူးတဲ့စကား။ ညကမှောင်မိုက်နေပါတယ်ဆိုမှ ကြယ်လေးတစ်လုံး လင်းလက်တာ ဘာထူးမှာမို့လို့လဲဟင်။ အထီးကျန်ဆန်လွန်းတဲ့ ညည်းသံကို မျက်စိစုံမှိတ်နားထောင်နေရသလိုမျိုး။

"ဟာ မေမေကလဲ သူတောင်းစားတွေဆိုပါမှ၊ ဘာအဆင့်





အတန်း ရှိသေးလို့လဲ၊ သူလဲသူတောင်းစား၊ ကိုယ်လဲ သူတောင်းစားဟာကို"

"ဘာ"

မေမေရဲ့ အော်သံကျယ်ကျယ်။ အဲဒီအော်သံမှာ မာနတွေ လွင့်ပါလာသလို ခံစားရတယ်ဘု။

"သူတောင်းစားမှာ အဆင့်အတန်းမရှိဘူး ဟုတ်လား၊ ဟောမှာကြည့်"

အိမ်နံရံမှာ ဂျာနယ်မျက်နှာဖုံးအစုတ်တွေနဲ့ ချိတ်ထားတဲ့ အိတ်အစုတ်ထဲက စာရွက်အစုတ်တချို့။ မေမေက စာရွက်တစ်ခု ဆွဲယူပြီး

"ဟောဒါ ပုဂံခေတ် ရာဇကုမာရ ကျောက်စာထဲက ကူးပြီး အမေ ဂန်စတန်နာ လိမ့်ယူထားတာ၊ အမေတို့တာ ပုဂံခေတ်ကတည်းက ဘုရားကျွန်ဆိုပြီး စပါးခုနစ်စေ့စားစေပြီး ဘုရားလှူထားတာသား၊ အမှန်တော့ . . သူတောင်းစားထဲမှာ နှစ်သက်တမ်းအရှည်ဆုံး သူတောင်းစားမျိုးရိုး ခုနစ်စေ့စားတွေပဲ သား"

အမေ မျိုးရိုးအကြောင်း ရှင်းပြတော့ ပါးစပ်အဟောင်းသားနဲ့ နားထောင်ရတယ်။

ဘုရင့်နောင်လက်ထက်မှာလဲ
မေမေတို့အမျိုးတွေဟာ
စစ်သားဟန်ဆောင်ပြီး
လိုက်သွား
ယိုးဒယားကတစ်ဆင့်
ကမ္ဘာအနှံ့ဖြန့်ကျက်ပြီး
လှည့်လည်တောင်းစားခဲ့တယ်သား။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့အမျိုးဟာ ပုဂံခေတ်ကတည်းက သူတောင်းစားဆို တော့ ဂုဏ်ယူမိသေးရဲ့။

"ဒါ့အပြင် ဘုရင့်နောင်လက်ထက်မှာလဲ မေမေတို့အမျိုးတွေ ဟာ စစ်သားဟန်ဆောင်ပြီး လိုက်သွား၊ ယိုးဒယားကတစ်ဆင့် ကမ္ဘာ အနှံ့ဖြန့်ကျက်ပြီး လှည့်လည်တောင်းစားခဲ့တယ်သား၊ နိုင်ငံခြားမှာ မင်းတို့အမျိုး သူတောင်းစားတွေ မနည်းကလား"

ဪ ကိုယ်ဟာ တကယ့်ဆွေကြီးမျိုးကြီးပါလားလို့ သိလိုက်ရ တယ်ဘုံ။

"ဟောဒီမှာ ဆက်ကြည့် သား"

စာရွက်အစုတ်ပေါ်မှာ တယောပုံတစ်ခု။

"အဲဒါ မင်းအဘိုးရဲ့အဖေ ကိုင်ခဲ့တဲ့ တယောပဲသား"

အမေ ဘာကိုရည်ရွယ်ပြီး ပြောမှန်းမသိပေမယ့် လိုက်ကြည့် ရတယ်။

"မင်းအဘိုးရဲ့အဖေက တို့ရှင်မျှား လက်ထက်ကတည်းက တယောတစ်လက်ကို ရင်မှာပိုက်ပြီး တောင်းစားလာတဲ့ သူတောင်း စားကြီးဦးကြန်ပဲ သား"

"ဗျာ"

ကိုယ့်မှာလေ အံ့အားသင့်လွန်းပြီး ငြိမ်သက်နေမိတယ်။ ဦး ကြန်ဆိုတာ ကိုယ်အလေးစားဆုံးပုဂ္ဂိုလ်ကြီးပဲ မဟုတ်လား။ သူ့အကြောင်း ကို ဒဏ္ဍာရီသဖွယ်သာ ညအိပ်ယာဝင်ပုံပြင်သဖွယ်သာ ကြားဖူးခဲ့သည် မဟုတ်လား။

တယောတစ်လက်နဲ့ တစ်မြို့လုံးဖုံးအောင် ခြေမွှနိုင်သူ။ ဈေး ကြိုဈေးကြား သူ့လက်သံကြားရင် လူမအုံမရှိခဲ့သူလေ။ ဘုလဲ ကြားဖူး မှာပေါ့။

(မှတ်ချက်။ ။မြန်မာတယောကိုင်ခဲ့သောဦးကြန်မှာ နှစ်ဦး





ဖြစ်ပြီး တစ်ဦးမှာ သူတောင်းစားဦးကြန် ဖြစ်ပါသည်။ မန္တလေးမြို့တွင် နေထိုင်ခဲ့ ပါသည်။ သိလိုပါက စာအုပ်စာတမ်း များ ရှာဖွေဖတ်ရှုနိုင်ပါသည်။ သူတို့ ကိုင်ခဲ့သော မြန်မာတယောမှာ အင်္ဂလိပ် တယောများလိုမဟုတ်တဲ့ အင်္ဂလိပ်တယော ထက် အနည်းငယ်ကြီးပြီး ဘိုးတံ၏ထိပ် တွင် ခေါင်းပုံပါရှိပါသည်။ တယောကြိုး မှာ သုံးချောင်းသာပါရှိပြီး အင်္ဂလိပ် တယောများလို ပခုံးတင်ထိုးခြင်းမပြု ဘဲ ထိုင်လျက်ပင် ပေါင်ပေါ်ထောင်၍ ထိုးခြင်း ဖြစ်ပါသည်။ မြန်မာတယော အစစ်မှာ တစ်လက်သာရှိပြီး နောက် ဆင်ပုံစံတူတစ်လက်လဲ ရှိပါသေးသည်။)

ဦးကြန်တဲ့။

လမ်းဘေးမှာ လူတွေ ဝိုင်းအုံ ပြီး ခဲနေသည်အထိ ကြည့်ခဲ့ရသည့်သူ။

"ဒါတင်မကဘူး သား၊ ဟော ဒီမှာဆက်ကြည့်"

မေမေက ဓာတ်ပုံအစုတ်တစ်ပုံ ဆွဲထုတ်လာသည်။ ပန်းချီကားတစ်ခု ကို ဓာတ်ပုံပြန်ရိုက်ထားခြင်းပင်။ ထို ဓာတ်ပုံထဲတွင် သဘောလဲပါသည်၊ အင်္ဂလိပ် လဲပါသည်၊ နန်းဝတ်နန်းစားနှင့် လူ တွေလဲပါသည်။ ငိုနေသူများလဲပါ

သီချင်းပါတော်မူပြီး ရတနာဂီရိကို ခေါ်ဆောင်ဖို့ သဘောင်္ဂပေါ် အတက်မှာတောင် လှူအုပ်ကြားထဲ ရဲရဲဝံ့ဝံ့ တောင်းခဲ့တာ မင်းအဘိုးပဲ သား



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒါ သီပေါမင်းပါတော်မူတုန်းကပုံကို ပန်းချီရေးပြီး မှတ်တမ်းပြန်ရိုက်ထားတာပဲ သား"

ထိုတော့မှ ကိုယ်လဲသဘောပေါက်တယ်ဘု။

"ဟောဒီဓာတ်ပုံထဲက ဟောဒီလူ ဘာကိုင်ထားလဲ သား"

မှုံဝါးဝါးဓာတ်ပုံကို ပြန်ကြည့်မိတယ်။ လူတွေအများကြီးမို့ ရောထွေးနေတယ်။ ငိုနေသူတွေကြားထဲမို့ မသဲကွဲ။ အသေအချာကြည့်မှ

"မီးအိမ်ထင်တယ် မေမေ"

မေမေက ပြုံးပြီးခေါင်းခါတယ်။

"မဟုတ်ဘူးသား၊ အဲဒါ မီးအိမ်မဟုတ်ဘူး၊ ခွက်ပဲ"

"ဟုတ်ရဲ့လား မေမေ၊ လင်းနေသလိုပဲ"

"မီးအိမ်ဆို လက်ကဆွဲထားရမယ်သား၊ ခွက်မို့လို့ လက်ပေါ်တင်ထားတာ မဟုတ်လား"

မှန်ပေတယ်။ လက်ပေါ်တင်ထားသော ခွက်တစ်ခု။ ရုပ်က ပြုံးဖြီးဖြီး။ သူ့တစ်ယောက်တည်းကွက်ပြီး ထူးခြားလို့။

"အဲဒါ မင်းအဘိုးပဲသား၊ မင်းအဘိုးပဲ"

"ဗျာ"

အမေ့အသံက မာနကြောင့် စွာနေတယ်။ မျက်နှာက ခိုင်မာနေပြီ။

"ဟုတ်တယ် သား၊ သီပေါမင်း ပါတော်မူပြီး ရတနာဂီရိကို ခေါ်ဆောင်ဖို့ သင်္ဘောပေါ်အတက်မှာတောင် လူအုပ်ကြားထဲ ရဲရဲဝံ့ဝံ့ တောင်းခဲ့တာ မင်းအဘိုးပဲ သား"

"ဗျာ"

လူက လေထဲမြောက်တက်သွားမတတ် ခံစားလိုက်ရရဲ့။





"သီပေါမင်းရဲ့ နောက်ဆုံးခြေလှမ်းမှာတောင် မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ ဝင်တောင်းခဲ့တဲ့ မင်းအဘိုးကို အင်္ဂလိပ်ကြီးများကတောင် ဆုတံဆိပ်အနေနဲ့ ရင်ဘတ်ကို သေနတ်ဒင်နှစ်ချက်နဲ့ ခပ်နှိပ်ခဲ့တာ သေရာပါပဲငါ့သား၊ သေရာပါပဲ"

အမေ့ရဲ့မာနသံတွေကြောင့် ကိုယ်တောင် မျက်လုံးထဲ ပြေးမြင်မိရဲ့။


× × ×



www.burmeseclassic.com

www.burmeseclassic.com





မြန်မာပြည်ကြီး စစ်မီးဒဏ်ကြောင့် နေမဝင်အင်ပါယာ လက်ထဲအရောက်။ အုပ်ချုပ်မင်းလုပ်နေတဲ့ တို့ရှင်ကိုဖမ်း၊ ဘီဒိုလှည်းနဲ့တင်ပြီး မြောက်ပြင်ကထွက်ပြီး ဂေါ်ဝိန်ဆိပ်ကိုအဆင်း၊ ဘီဒိုလှည်းမှ တစ်ဆင့်ခေါ်ဆောင်သွားတဲ့ သင်္ဘောဆီသို့ ခြေအလှမ်း။

အနောက်မှာ ငိုကြွေးနေကြတဲ့ ပြည်သူတွေ၊ ဝမ်းနည်းနေကြတဲ့ ပြည်သူတွေ။ ငိုသံ၊ ညည်းသံ၊ ရင်ဘတ်စည်တီးသံတို့နဲ့ ဆူညံနေစဉ်။ စုဖုရားလတ်က မောင်တော့်





လက်ကိုအဆွဲ၊ နောက်ဆုံးအနေနဲ့ ကိုယ့်မြေကိုယ့်ရေကို လှည့်အကြည့်။

လူအုပ်ကြားထဲ ရဲရဲဝံ့ဝံ့တိုးဝှေ့ဝင်လာတဲ့ လူတစ်ယောက်။ လက်ထဲမှာ ခွက်တစ်လုံးဖြင့် နှုတ်ကလဲ

"သနားကြပါခင်ဗျ၊ သနားကြပါ၊ အစ်ကိုကြီးတို့ အစ်မကြီးတို့ ပေးမှကျွေးမှ စားရမယ့်သူပါ၊ ပိုက်ဆံမရှိရင်လဲ မြန်မာပြည်ကြီးဖြစ်ဖြစ် ပေးခဲ့ပါခင်ဗျား"

ကရုဏာသံအစစ်။ အင်္ဂလိပ်များ စိတ်ညစ်ပြီး

"အာ ဘယ်က သူတောင်းစားက ဝင်လာတာလဲ၊ သေနတ်ဒင်နဲ့ထုကွာ"

"ဒုိ"

"ဒုိ"

"အွတ်"

× × ×



www.burmeseclassic.com

www.burmeseclassic.com





"အဲဒါပဲ ငါ့သား"

မေမေ့အသံကြောင့် အသိစိတ်ထဲ ဖျတ်ခနဲပြန်ကပ်ပြီး

"ဒါတင်ဘယ်ကမလဲ သား"

ပါးစပ်အဟောင်းသားနဲ့ နားထောင်မိတယ်ဘု။

"ဟောဒီမှာကြည့်စမ်း"

အဖြူအမဲဓာတ်ပုံ အစုတ်ကလေး။ လမ်းမကြီးတစ်ခုပုံ။ လူတွေဖြတ်သွားနေကြလေရဲ့။ အခုခေတ်ပုံတော့ ဟုတ်ဟန်မတူ။





"ဟောဒီလူအုပ်ကြားထဲကိုကြည့်"

အရာရာမှုံဝါးဝါး၊ အသေအချာကြည့်မှ လူတစ်ယောက် ဆောင့်ကြောင့်ထိုင်နေပုံကို ဖမ်းမိရဲ့။

"အဲဒါ မင်းအဖေရဲ့အဖေပဲ သား၊ အင်း အဲဒီတုန်းက မြို့တော်ခန်းမတောင် တစ်ထပ်ပဲ ရှိသေးတယ်လေ"

ဩော် ပီဘိသူတောင်းစားမျိုးရိုး။ အဖေဖက်က အဘိုးအဘွား ခုနစ်ဧစ့စား။ အမေဖက်က အဘိုးအဘွား ခုနစ်ဧစ့စား။ ငယ်ငယ်ကတည်းက တစ်နှစ်တစ်ခါ မေမေ ပါးစပ်ထဲထည့်ထည့်ပေးတဲ့ စပါးခုနစ်စေ့။ ယနေ့တိုင် တစ်နှစ်တစ်ခါ ဆွမ်းတော်က စွန့်စားနေရတဲ့ ဆန်ခုနစ်စေ့။

နှစ်ပေါင်းထောင်ချီလာတဲ့ ပီဘိသူတောင်းစား။

"မျိုးရိုးဂုဏ်ကို ထိန်းစမ်းပါသားရယ်"

အမေ့စကားက နှလုံးသားကို ချာချာလည်စေတယ်ဘု။

"အခုမှဖြစ်တဲ့ စစ်ပြန်ခြေပြတ်ကြီးနဲ့ ခေတ်ပျက်မှချောင်လေးဆိုပြီး တိုးဝင်လာတဲ့ ခေတ်ပျက်သူတောင်းစား၊ မတို့မွေးတဲ့ ခေတ်ပေါ် သူတောင်းစားမျိုးနဲ့ကတော့ မေမေ လုံးဝ လုံးဝ သဘောမတူနိုင်ဘူးသား၊ မေမေတို့ရဲ့ မျိုးရိုးဂုဏ်ပျက်သွားလိမ့်မယ်၊ နှစ်ပေါင်းထောင်ချီထိန်းသိမ်းလာတဲ့ မေမေတို့မျိုးရိုးဂုဏ်ကို မဖျက်ပါနဲ့သား"

သက်ပြင်းချရုံအပြင် ဘာတတ်နိုင်မလဲဘု။ မိဘစကား ဘယ်သူက ပယ်ရှားဝံ့လို့လဲလေ။

ဟုတ်တယ်နော်။ နင့်ဖေဖေက မိုင်းနင်းမိပြီး ခြေအပြတ်။ နင့်မေမေ ဒေါ်ဌေး(မဌေး)ကလဲ ယောင်လည်လည်နဲ့ အဲဒီနားအရောက်။

ဩော် နင့်ဖေဖေ ဂုဏ်ယူစွာဆိုတတ်တဲ့ သီချင်းတောင် မှတ်မိသေးရဲ့။

"ကြည်း၊ ရေ၊ လေ တပ်မတော်နံဘေးက မဌေးရေ၊ ရဲရဲ



www.burmeseclassic.com

www.burmeseclassic.com



အဘောတ် ကြွက်ဘိထောင်ကာလေ၊ တောဘေးတောင်ဘေး ရှောင်မပြေး၊ အရှေ့ရှေ့မှတ်အတွက် ရှက်ကုန်လွှင့်လို့လေ၊ ငွေငွေအတွက် ဂုဏ်ယူ ရှုတာယ်လေ"

သက်ပြင်းချခြင်းက ကျန်းမာရေးနဲ့သာ ညီညွတ်စေရင် ငါ ပိုပြီးကျန်းမာမယ်ထင်တယ်ဘု။

မီးအိမ်အလင်းရောင်က ယိမ်းထိုးနေတုန်း။ အမြန်ငြိမ်းသတ် သွားတာ ဘယ်သူက လိုချင်မှာလဲဘုရယ်။

စကားမဆိုဘဲ ဆိတ်ငြိမ်မှုတွေကြား ဒီလိုပဲလွှင့်ပါးသွားရမှာ လား။ မဟုတ်သေးဘူးဘု။

"ဒါဖြင့် ကျွန်တော် ဘာလုပ်ရမလဲ မေမေ"

ကိုယ့်ရဲ့အမေးကို မေမေရင်ကော့လိုက်တယ်။ ခေါင်းမော့ လိုက်တယ်။

"သားကို မေမေတို့နဲ့ဂုဏ်ဒြပ်တူ အဆင့်တန်းတူ ပိကျိုနဲ့တွဲ ပေးမယ်"

"ဗျာ"

"ဒါမှ သားတို့ဘဝ ပိုပြီး အဆင့်မြင့်တိုးတက်မှာ"

"မေမေ"

"တိတ်စမ်း သား၊ မေမေ့မှာ နှလုံးရောဂါရှိတယ်ဆိုတာ သား သိတယ်နော်"

"မေမေရယ်"

ဘာပြောနိုင်မှာလဲ ဘုရယ်။

ပြုံပျက်နေတဲ့ ရေဆင်းတံတားတိုလို့ ရေကုန်တာကိုကြည့်ဖို့ဆို တာ ဘယ်လိုဖြစ်နိုင်ပါ့မလဲ။ ဒါပေမယ့်ကွယ် အလွမ်းတွေ မျောချဖို့ တံတားအိုလေးကိုပဲ ရွေးချယ်ရတော့မှာပေါ့။

"ပိကျိုနဲ့ငါ့သားဆို မျက်နှာပိုဇရှင်ရော၊ ဖစ်စစ်ကယ်ဖော





မက်ကျတာရော၊ အသံဌာန်စာပေါင်ပဲ့တာရော၊ အသံထုတ်ပုံ ရက်ဂျစ် စတာမှန်တာရောနဲ့ဆို ချက်ချင်းစီးပွားတက်မှာ သေချာတယ်"

နင်သိပါတယ်ဘု။

ပိကျိုဆိုတာ နှယ်နှယ်ရရတော့ မဟုတ်ပါဘူး။ ငါ့လိုပဲ မွေး ရာပါထမင်းအိုးအဖြစ် လက်နှစ်ချောင်းလုံး မပါလာဘူးလေ။ လက် အရင်းနားလေးမှာမှ လက်ချောင်းသိမ်သိမ်လေးတွေ ပေါက်နေတာ ပေါ့။

ငယ်စဉ်ကတည်းက ငါ့လိုပဲ ငွေရှာတတ်ခဲ့ပြီ။ အခုဆိုရင် အင်ဗာတာနဲ့ မီးချောင်းနဲ့၊ သက်မွန်မြင့်ပုံပါတဲ့ တာလဘတ်တွေ မိုး ထားနိုင်တဲ့သူပေါ့။ အိမ်ထဲမှာလဲ နာဂစ်တုန်းက ခြင်တောင်တွေတောင် ရှိတယ်ဆိုပဲ။

အခု သူနဲ့ငါ တွဲရမယ်တဲ့။

"မေမေ သူတို့မိသားစုနဲ့ ဒီည ဒင်နာချိန်းထားတယ်၊ အမှိုက်ပုံ ဘေးက အဆင့်မြင့်ဆုံး ဒေါ်ကြွက်စုတ်အသုပ်ဆိုင်မှာ"

ဘာပြောနိုင်မှာလဲ ဘု။ မိဘကိုမ်ရာပေါ့။

× × ×



www.burmeseclassic.com

www.burmeseclassic.com





ဘူး။

ဒေါ်ကြွက်စုတ်ဆိုင်က ခမ်းနားလွန်းပါတယ်။ မင်းသားမင်းသမီး အလှဓာတ်ပုံတွေ ပြက္ခဒိန်တွေအပြင် ရောင်စုံတီဗီအလုံးကြီးတစ်လုံးလဲ ပြထားရဲ့။

"ဒေါ်ကွိတို့အော်ဒါမှာတာနဲ့ အတော်ပဲ၊ ဒီမနက်ကမှ လတ်လတ်ဆတ်ဆတ် လာပစ်ထားတဲ့ ဂေါ်ဖီထုပ်တွေ့လို့ ရေစိမ်ထားတာ"

မှာထားတာလဲ အစုံပါပဲဘူး။





လက်ဖက်သုပ်၊ ဂေါ်ဖီသုပ်၊ ကြက်သွေးကြော်၊ ပဲပြားဆီပြန် စသည် စသည်ပေါ့။

နှစ်ဖက်မိဘများက ဝမ်းသာအယ်လဲပါပဲ။

"ဝမ်းသာလိုက်တာ မချိရယ်၊ ဒီလို အမျိုးကြီးရိုးကြီးတွေ ဆုံမှဆုံရပ့ါမလားလို့ ဆုတောင်းလိုက်ရတာ"

ပိကျိုတို့အမေရဲ့ ဝမ်းသာအားရစကား။ သူ့ပုံကိုလဲ ကြည့်ပါဦး။ မျိုးကြီးရိုးကြီးမှန်းသိအောင် ထဘီတစ်ထပ် ထပ်ခြုံထားသေး။ တို့မေမေကတော့ သိပ်ကြွားဝါတတ်သူမဟုတ်တော့ ထဘီရင်လျားနဲ့ပေါ့။ ခေါင်းမှာတော့ အဖွေ့လုံချည်စုတ်ကြီး ပေါင်းထားတယ်လေ။

"တို့လဲ ဝမ်းသာနေတာကွဲရဲ့၊ တို့သားလေးကိုလေ တခြားသူတွေနဲ့ တွဲပေးရတာ စိတ်တိုင်းကိုမကျဘူး၊ ကြည့်စမ်းပါဦး သူတို့နှစ်ယောက်၊ တကယ့်ကို အနူလက်နဲ့ရွှေခွက်ကျနေတာပဲ"

"ဟုတ်ပ့ါရှင်၊ လက်အလုံးအတိုနဲ့ ပီယာနိုလို တစ်သားတည်းကိုကျနေတာ"

မိဘများ ပီတိတွေစားနေစဉ် ပါးစပ်ဆီတက်လာသော ဇွန်းတစ်ခု။ ကြည့်လိုက်တော့ ပိကျိုရယ်လေ။ လက်ဖက်ကိုခပ်၊ ဇွန်းကို ခြေမခြေညှိုးခပ်ပြီး ခြေထောက်နဲ့ ပါးစပ်နားလာတပ်တယ်။

"စားလေ ကိုပိုလီ"

သူ့ခမျာ လက်ကမရှိလေတော့ ခြေနဲ့ခပ်ကျွေးတာပေ့ါ။ ဘယ်နှခုနှစ်ထဲက ရေမချိုးထားတဲ့ ခြေထောက်မှန်းမသိပါဘူး။ ဒါက သူ့သဘာကိုပြတာပေ့ါ။

"ဟဲ့ သား၊ သမီးခပ်ကျွေးနေတယ် စားလိုက်လေ"

မိဘစကား ဘယ်တုန်းက ပယ်ရှားဖူးလို့လဲ ဘုရယ်။ ခြေမဲမဲ ပွပွကြား ကပ်ပါလာတဲ့ လက်ဖက်တစ်ဇွန်း။ အာခံတွင်းထဲဝင်သည့်အထိ ပစ်သွင်းလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေး ဒါမှ တို့ကိုကြီးပိုလီကွ"

"ဖောက် ဖောက် ဖောက်"

လက်မရှိတော့ ခြေနှစ်ဖက်နဲ့ပဲ ခြေခုပ်တီးတယ်။ လူကြီးနှစ်ယောက်ကတော့ ရှေးဟောင်းနှောင်းဖြစ်များအပေါ် မျောလို့။

"အဲဒါပေါ့ မချိရဲ့၊ ကွိတို့အိမ်မှာဆိုလေ "သူတောင်းစားမျိုး အကြွေးမရှိ"ဆိုပြီး စာတမ်းကပ်ထားတာ၊ ဟုတ်တယ်လေ၊ ကျွန်မတို့ဆိုတာ ရှေးဘဝမှာ လူတိုင်းအပေါ် အကြွေးရှိခဲ့လို့ ဒီဘဝမှာ သူတို့ အကြွေးလေး ကြေပါစေဆိုပြီး တာဝန်ကျေအောင် ပြန်တောင်းနေရ တာမဟုတ်လား"

"ဟုတ်ပါ့ချိရယ်၊ သူတို့ ဒီဘဝမှာ ပြန်မပေးခဲ့ရင် နောက်တစ်ဘဝထိလဲ တို့တွေက လိုက်တောင်းနေရမှာပဲ၊ အို နောင်ဘဝတောင် မဟုတ်ပါဘူး၊ သံသရာအဆက်ဆက် လိုက်တောင်းနေရမှာပဲ"

သူတို့က စကားတွေ ဖောင်ဖွဲ့နေတုန်း ပါးစပ်နားတက်တက်လာတဲ့ ခြေမခြေညှိုးညှပ်၊ ဖွန်းကိုမပြုတ်အောင် လှမ်းလှမ်းဟပ်ရတယ်ဘု။

× × ×







ကိုယ့်ရဲ့နှလုံးသား စုတ်ပြတ်သတ်ပြီး လမ်းတကာလှည့်ပတ်တောင်းနေရသလို မင်းကိုတောင်းရဲ့။

ဆောင်းရဲ့ညနေရီ တောက်ပလွန်းလို့ နေရောင်ခြည်တောင် မောလေပြီ။

လွတ်လပ်စွာတွေးခေါ်နိုင်တဲ့ ဟောဒီခေါင်းသာမရှိရင် ငါနွမ်းနယ်ပြီး သေသွားလောက်ပါရဲ့။

ခရီးမဆုံးခင် ရိက္ခာကုန်သွားတဲ့ ခရီးသွားလို အားအင်ကုန်ခမ်းပြီး ခြေပစ်



www.burmeseclassic.com

www.burmeseclassic.com



ယောင်ပေ လှဲချပစ်လိုက်ချင်တယ်ဘု။ ကြင်နာတဲ့မင်းရဲ့မျက်ဝန်း၊ ခြုံလွှာအောက်ပန်းမာလာတစ်ပွင့်လို ပစ်လှဲချလိုက်ချင်ရဲ့။

"ဘာတွေတွေးနေလဲ"

နှလုံးသားကို ဖြတ်ဖောက်ချုပ်လုပ်လိုက်သော အပြုံးတချို့နဲ့အမေး။ ကိုယ်လဲ ရွှံ့ပြီး

"အင်အင်းပါပြီး ဘာလုပ်သလဲလို့"

သူမက သူ့မျက်နှာကို လက်သေးသေးလေးနဲ့ကွယ်ပြီး

"ကန်သင်းရိုး ဒီလောက်များတာ၊ ဟင်းဟင်း ဘာတွေမေးနေမှန်းမသိဘူး"

ဒဏ်ရာဗရပွနဲ့ ကမ်းခြေတစ်ခုရဲ့ သဝဏ်လွှာကို ဖတ်လိုက်ရသလို နှလုံးသားမှာ အစင်းရာခြစ်ရာထင်စေတယ် ဘု။

"တစ်သက်လုံး ရေဘယ်နှခါချိုးဖူးလဲ"

"နှစ်ခါ၊ အဲ ကိုကြီးပိုလီ ပေါက်ကရတွေ မေးနေပြန်ပြီ၊ အရက်များမူးနေလား မသိ ခစ် ခစ်"

"မမူးပါဘူး၊ ဘာလို့မူးရမလဲ"

ကိုယ့်ရဲ့ရွှံ့ပြောတဲ့ စကားကို ပိကျိုက သူ့လက်သေးသေးလေးထောင်ပြီး

"မမူးဘူးဆို ဒါ ဘယ်နှချောင်းလဲ"

"ဟဲ့ နင့်လက်က အစကတည်းက သုံးချောင်းပဲရှိတာ၊ ငါက ဘယ်နှချောင်းမြင်ရမှာလဲ"

ညို့မျက်ဝန်းနဲ့ ဖမ်းစားရုံနဲ့ မေတ္တာစောင်းကြိုးက အသံမမြည်နိုင်ပါဘူးဘု။

နာကြည်းတဲ့သံစဉ်တွေ ကျေကျေနပ်နပ်ကြီး တီးခတ်နေရတဲ့ငါ့မှာ မေ့လောက်စရာ ယစ်မူးခြင်းတွေ တောင့်တမိတယ်။

"ဟယ် စကားကောင်းနေလိုက်တာ၊ ကလေးတွေကိစ္စ ပြောပါဦး"

"ဟယ် ဟုတ်ပါရဲ့၊ ကဲ ကွိ ပြောပါဦး၊ ဘယ်လိုလုပ်ချင်လဲ"

"ချိုသဘောပါ၊ ပြောနေစရာလိုလို့လား"

"ဒါဖြင့် မနက်ဖြန်ကစပြီး တွဲပေးလိုက်တာပေါ့၊ ရာခိုင်နှုန်းကတော့ မဖြတ်ပါဘူး၊ ဖိုတီ ဖိုတီပေါ့၊ တွမ်တီတာ ပစ္စည်းဖိုးနဲ့ စားစရိတ် ဟုတ်ဖူးလား"

"ချိုသဘောပါဆို၊ ဘာပြောစရာရှိလဲ၊ ကဲ ဒါဆို သားတို့ သမီးတို့ညီကြ"

ပိကျို မျက်နှာမွဲမွဲကြီး ကိုယ့်ဖက်လှည့်လာတယ်။

"သီချင်းတိုက်ဖို့လိုလား"

"သဘောပဲ"

"သမ္မာနဲ့ပဲထိန်းတာပေါ့ ဟုတ်ဖူးလား"

သူ့ယုံကြည်ချက်က ပုဂံခေတ်ကတည်းက သူတောင်းစားလောက်နိုင်မာတယ်။

"ဒါမှမဟုတ် ကိုပိုလီ သီချင်းစာအုပ်တွေ ယူသွားမလား၊ အဲ ကိုပိုလီက စာမှမတတ်တာ ဟင်းဟင်း"

ကျွေးပါး
ဒီနှစ်ယောက်ပေါင်းရင်
သူတောင်းစားတွေကို
ထမင်းကျွေးတဲ့သူတောင်
ပြန်သနားသွားရမယ်၊
ဟင်းဟင်း







www.burmeseclassic.com

လှည့်ပတ်ပြီးကျောလိုက်သေးတယ် ဘုရယ်။

ဟုတ်တယ်ဘု။

ကိုယ်စာမတတ်ဘူး။ ပိကျိုတို့က တတ်တယ်။

ဘာလို့လဲဆိုတော့ ပိကျိုတို့ငယ်စဉ်ကတည်းက စာပေနဲ့ရင်းနှီးတယ်။

အဲဒါက ပိကျိုတို့ငယ်ကတည်းက စာတွေကို ဂန်စတန်နာနဲ့ လိုမ့်ပြီး သင်္ဘောဆိပ်တွေ ကားဂိတ်တွေမှာဝေပြီး

"အစ်ကိုကြီးတို့ အစ်မကြီးတို့ရယ်၊ သမီးက ဒုက္ခိတာပါ၊ ဒါ့အပြင် သမီးရဲ့ဖေဖေက ရေဖျဉ်းစွဲပြီး သမီးရဲ့မေမေက ဦးနှောက်ကင်ဆာ ဖြစ်နေတာပါ၊ သမီးရဲ့မောင်လေးကလဲ ကျောဘုကိုခွဲရမယ်၊ အဲဒီ အတွက် တတ်နိုင်သလောက် ဒီစာရွက်နဲ့အတူ လှူဒါန်းပေးပါ။ သနား ပါ"

ဒီလိုစာရွက်လေးတွေဝေပြီး အလှူခံတောင်းနည်းနဲ့ တောင်း စားလာတာ မဟုတ်လား။

ဒါကြောင့် သူတို့က သူတောင်းစားတွေထဲမှာ စာတတ်ပေတတ် တွေဆိုပြီး ဝင့်နေတာ။

"ကဲ ဒါဆို မနက်ဖြန်ကျမှ ဆုံတာပေါ့"

ဆိုပြီးလမ်းအခွဲ။

"ဒေါ်ကြွက်စုတ်ရေ ဒီမှာဘယ်လောက်ကျလဲ"

"မပေးပါနဲ့ကွယ်၊ နင်တို့မိသားစုတွေကြည့်ရတာ သနားလို့ပါ အဟင့်၊ တစ်ယောက်က ခြေပိုလီယို၊ တစ်ယောက်က လက်အတို အဟင့် ဟင့်"

နှစ်ဖက်မိဘများ အပြုံးပန်းတွေပွင့်လို့။

"တွေ့လား၊ ဒီနှစ်ယောက်ပေါင်းရင် သူတောင်းစားတွေကို ထမင်းရောင်းတဲ့သူတောင် ပြန်သနားသွားရမယ်၊ ဟင်းဟင်း"






"ဟင်းဟင်း ဒါဆို တို့ရှေးဘဝက ရစရာရှိတဲ့ အကြွေးအတော် များများ ပြန်ရမှာ သေချာတယ်၊ ဟင်းဟင်း"

အပြုံးပန်းဆိုတာ ပွင့်ခဲပေမယ့် ပွင့်တယ်ဘု။

× × ×



ဆောင်းဦးနံနက်ခင်းနေရောင်ခြည်က မောနေတယ်။ ဘ၀တစ်ဆင်စာ ရှုမျှော်ခင်းက ပန်းသင်းနံ့တွေ ဝေနေပေမယ့် နှလုံးသားဌာပနာတိုက်မှာတော့ မကောင်းမှုမှန်သမျှ စိုက်ပျိုးထားသလို နာကျင်နေရပြီဘု။

ကမ္ဘာလောကကြီးက ကျယ်ပြောပေမယ့် သွားရမယ့်လမ်းက ကျဉ်းမြောင်းနေသယောင်။

အလုံးစုံသော တေးသွားများ စမ်း





ချောင်းထဲမျှောချမိသလို ခံစားချက်မျိုး။

ခါတိုင်း မျက်မှန်တစ်လက်နဲ့ ငါ့လက်ကိုဆွဲ အမြဲလိုက်ပါတတ်တဲ့ မင်းရဲ့ကိုယ်သင်းနံ့ထုံ ငါလွမ်းတယ်။ နင်အမြဲဆိုတတ်တဲ့ စန္ဒြီမြင့်လွင်ရဲ့သီချင်းကို ငါလွမ်းတယ်။ နင်နဲ့ငါ အတွဲညီခဲ့တဲ့ ဖေဖော်ဝါရီမှတ်တမ်းကို ငါလွမ်းတယ်။

အခုတော့ ငါ့ဘေးမှာ နင့်လက်မဟုတ်တဲ့ လက်အသေးအတိုတစ်လက်။

"အစ်ကိုကြီးတို့ အစ်မကြီးတို့ သနားကြပါရှင်"

စာပေါင်ပဲ့တယ်။ အသံက ရက်ဂျစ်စတာမှန်တယ်။ ဖစ်ဖစ်ကယ်ဖောမက်ကျတယ်။ ဒါပေမယ့် နင့်လောက် နားဝင်မချိုဘူးဘု။

"မိုးကုတ်စက်ဝိုင်းအောက်မှာ ခါဦးမိုးတို့အကြိမ်ကြိမ်ပြိုဝါဆိုဝဿန်မိုးသည်းရင် ငိုမိတယ်၊ တို့နှစ်ယောက်အတူ ဖူးခဲ့တဲ့ ကျိုက်ထီးရိုးဘုရားဆံတော်ရှင် စေတီမှာပဲ တစ်နှစ်တစ်ခါဆုတောင်းမယ်၊ လွမ်းဆွေးခြင်းဝဋ် တပည့်တော်ကျေပါရစေ"

ရွေးချယ်မှုမှန်ကန်တယ်။ ကရုဏာပြည့်စုံတယ်။ သူတောင်းစားသံဆိုတာ ဒါမှလို့ကြွေးကြော်လို့ရတဲ့အထိ ပြည့်စုံတယ်။ ဒါပေမယ့် နင့်လောက်ရိုးသားမှုဂုဏ် မပြည့်စုံဘူး။

"မေဘီယူရှူးဘရိတ်မိုင်ဟာပ် စလိုးလီး၊ မေဘီယူရှူးဘရိတ်မိုင်ဟာပ်စလိုးလီး၊ သီချင်းလေးအတိုင်းပေါ့ မင်းလေး ငါ့ရဲ့အသည်းကို ဖြည်းဖြည်းလေးပဲခွဲပါအချစ်ရယ်၊ တောင်းပန်တယ်"

ပညာစုံတယ်။ ပရော်ဖက်ရှင်နယ် ပီသတယ်။ ကြိုးစားမှုပြည့်စုံတယ်။ မောင့်လပြည့်ဝန်းကနေ စိမ်းရက်လေအားထိရတယ်။ ဓာတုကလျာရဲ့ ဘောလည်အားလုံး အာဂုံဆောင်နိုင်တယ်။ ဒါပေမယ့် နင့်လောက်မချိုသာဘူးဘု။

အရင်က နင်နဲ့ငါလိုမဟုတ်ဘဲ ငါ့ရဲ့မယ်ဒိုလင်သံက ခံစား



www.burmeseclassic.com

www.burmeseclassic.com



ချက်မဲ့နေတယ်။ လက်က မယ်ဒိုလင်ဖလက်တံပေါ် အပြင်းအထန် ပြေးလွှားနေပေမယ့် အရသာမစုံ ချဉ်ပေါင်ဟင်းလိုချဉ်တယ်။

ဒါပေမယ့် ဘုရယ်။ လောကကြီးက တစ်ခါတစ်ခါ မတရားဘူးလေ။ တန်ဖိုးနည်းလို့ လွှင့်ပစ်ခဲ့ရတာ၊ ငါ့ရဲ့အလှဆုံးပန်းတစ်ပွင့်ပဲ မဟုတ်လား။ သာယာတဲ့နေ့ကလေးတွေ ဆုံးရှုံးရတာ မက်လက်စအိပ်မက်ကို နှိုးဖျက်လိုက်သလို အကြင်နာကင်းမဲ့လေရဲ့။

နေ့တွေညတွေ ဖြတ်ကျော်ကုန်ဆုံးပေမယ့် အရိုင်းပန်းလေး အတောင်အလက်မှစုံရဲ့လား။ အချိန်မီသေးရင် ပြုပြင်ပေးချင်ရဲ့။

ရလာတဲ့ငွေ တဖွဲဖွဲက ဝေခွဲမရလောက်အောင် များပြားပေမယ့် ငါ နင့်ရဲ့ခြေတော်ရင်းမှာပဲ ဝပ်စင်းချင်မိရဲ့။

ဘုရယ်။

သာမန်တေးသွားတွေ ဖန်ဆင်းနေရသလို ငါ့ဘဝက အလုပ်သိမ်းရမယ့်အချိန်ရောက်ပြီ ဆိုပါစို့ကွယ်။

× × ×







ဦးထွာကြီးနေ့။

ဒီနေ့ဟာ တို့တွေသမိုင်းမှာ မေ့မရတဲ့နေ့တစ်နေ့ပေါ့။

ဦးထွာကြီးဆိုတာ နင်သိပါတယ်။ ပိကျိုတို့ရဲ့ ဦးလေးပဲပေါ့။

တို့မမွေးခင်မှာ မြန်မာပြည်မှာ (၈၈)ဆိုတဲ့ အရေးအခင်း ဖြစ်ခဲ့သတဲ့။ အဲဒီအရေးအခင်းလဲပြီးရော တို့လို မျိုးရိုးစဉ်ဆက်တောင်းစားလာတဲ့သူတွေကို အလုပ်ပေးပြီး သူတောင်းစားဘဝက အနားယူခိုင်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြတယ်လေ။

ဒီမှာ စိတ်ဓာတ်ပြင်းတဲ့ ပိဂျိုတို့ဦးလေး ဦးထွာကြီးဟာ တောက်တစ်ချက် ခပ်ပြင်းပြင်းခတ်ပြီး

"မတောင်းရရင် ကိုယ့်ကိုကိုယ်သတ်သေမယ်"

ဆိုပြီး အစိုးရကထုတ်ပေးတဲ့ စည်ပင်ဝတ်စုံကို ဓာတ်တိုင်ပေါ် တက်ချည်၊ ကိုယ်တိုင်မတောင်းရလို့ ဆွဲကြိုးချခဲ့တယ်မဟုတ်လား။ ဒီနေ့ကို ဂုဏ်ပြု၊ ရှေးရိုးစွဲသူတောင်းစားများက ဦးထွာကြီးနေ့အဖြစ် သတ်မှတ်ပြီး မှတ်တမ်းပြုခဲ့ကြတယ် မဟုတ်လား။ ၁၉၉၀၊ အောက်တိုဘာလ(၄)ရက်နေ့ ကမ္ဘာ့တိရစ္ဆာန်များနေ့ဆိုပေမယ့်

ဒီအချိန်ကစလို့ နှစ်စဉ်ကျင်းပခဲ့တဲ့ တို့ရဲ့ပွဲတော်ကြီး။ ခွက်တစ်လုံးနဲ့ ဆောင့်ကြောင့်ထိုင်နေတဲ့ ဦးထွာကြီး။ သူတောင်းစားမှန်ရင် မလေးစားဘဲ မနေတဲ့ ဦးထွာကြီး။ မတောင်းရရင် ကိုယ့်ကိုကိုယ်တောင် သတ်သေရဲတဲ့ ဦးထွာကြီး။

ဦးထွာကြီးရဲ့ ပွဲတော်နေ့။

ဒီနေ့ရဲ့ဒီနှစ်မှာမှ ထူးထူးခြားခြားကိစ္စတစ်ခုကြောင့် အားလုံးလှုပ်လှုပ်ရှားရှား ဖြစ်နေရတယ်လေ။

ဘာကြောင့်လဲဆိုတော့ ဦးထွာကြီးနေ့မှာ နာမည်ကျော်သူတောင်းစားကြီး ဖိုးဂွင်တို လာရောက်မယ်ဆိုလို့ပါပဲ။

ဖိုးဂွင်တိုဆိုတာ နင်လဲသိပါတယ်ဘု။

ဖိုးဂွင်တို နေရာတစ်နေရာမှာ ရှိနေတယ်ဆို ကျန်တဲ့ သူတောင်းစားက ခြောက်မိုင်ပတ်လည်လောက်က အနားမကပ်နိုင်လောက်သည်အထိ စွမ်းဆောင်နိုင်သူ။

"သူတောင်းစားထမင်းငတ်ချင်ရင် ဂွင်တိုနားသွားတောင်း"

ဆိုတဲ့ ဆိုရိုးတစ်ခု ဖြစ်လောက်သည်အထိ အောင်မြင်ကျော်ကြားသူ။ အသံ၊ ဌာန်၊ ရုပ်၊ ရက်ဂျစ်စတာ တစ်ခုမှ ငြင်းပယ်စရာ





မရှိသူပဲ မဟုတ်လား။

ဦးထွာကြီးနေ့မှာ ဖိုးဂွင်တို ကိုယ်တိုင် လာရောက်ချီးမြှင့်မယ်ဆိုတော့ အားလုံးအတွက် စိတ်လှုပ်ရှားစရာပေါ့ဘုရယ်။

အဲဒီနေ့မှာ ဖျတ်ခနဲ ပြန်တွေ့ရတဲ့ နင့်ကို ငါအံ့ဩတယ်ဘု။ ရေမိုးလေးချိုးပြီး သန့်ပြန့်နေတဲ့နင့်ကို ငါနှမြောတယ်။

ရင်ထဲမှာ လှိုက်ခနဲ။

သူတောင်းစားပါဆိုမှ ချေးညော်ကင်းစင်နေရင် ဘယ်သူက လှူချင်မှာလဲဘု။ နောက်ပြီး နင့်မျက်နှာက ပိုဖြေရှင်ပြောင်းနေပြီ။ ဒါ ဒါ မဖြစ်သင့်တဲ့ အဖြစ်အပျက်မဟုတ်လားဘု။

ငါ အံ့အားသင့်စွာ နင့်နား ပြေးသွားမိတယ်။

"ဘု ဘု ဘယ်လိုဖြစ်ရတာလဲ ဘုရယ်"

နှမြောတသသော ငါ့အမေးကို နင်က မျက်လွှာလေးပင့်ကြည့်ပြီး

"ငါနဲ့တွဲတဲ့ ငမွန်း သိတယ်မဟုတ်လား"

သိတာပေါ့ ဘုရယ်။ ငမွန်းဆိုတာ သူတောင်းစားဉာဏ်ရည်စံနှုန်း

သူတောင်းစား
အခြစ်တော့က
ဒီနည်းဟာ
ရှက်စရာကောင်းပြီး
သိက္ခာမဲ့လို့
ဘယ်သူမှ မသုံးကြပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



မမီလို့ ငါ့နောက်ကို အိမ်ဖော်လိုလိုက်နေတဲ့ကောင်ပဲ။

ငါတောင်းတဲ့နောက် ပိုက်ဆံကောက် အိတ်ဆွဲလုပ်နေရတဲ့ သူတောင်းစားအိမ်ဖော်။

ရုပ်ရည်က ဘဝပေးမပါဘဲ သန့်ပြန့်နေလို့ သူသိပ်ဖြစ်ချင်တဲ့ သူတောင်းစားမဖြစ်ရှာဘဲ သူတောင်းစားအိမ်ဖော်လုပ်နေရသူ။

ဒီကောင်က နင့်အတွဲတဲ့။

ငါ ဘာများပြောနိုင်မလဲဘု။ ဘုရဲ့မျက်နှာညိုး။

"သူနဲ့တွဲရတော့ ဒီအတိုင်း တောင်းလို့မရတော့ဘူး"

"အဲဒီတော့"

"အိုင်ဒီယာတောင်းပဲ တောင်းနေရတယ်"

သက်ပြင်းကို ခပ်ပြင်းပြင်းချမိတယ်။

'အိုင်ဒီယာတောင်း'ဆိုတာ အင်မတန်စွန့်စားရတဲ့ တောင်းနည်းပဲမဟုတ်လား။ ရရင်လဲ မျိုးမျိုးမြက်မြက်ရတတ်ပြီး မရတတ်တာက ပိုများတယ်လေ။ အရင်ကတော့ ဒီနည်းစနစ်က အလုပ်ဖြစ်ပေမယ့် အခု လူသိများလာတော့ အလုပ်ဖြစ်ဖို့ ခက်ခဲပြီလေ။

အိုင်ဒီယာတောင်းနည်း တောင်းဖို့ဆိုတာ ရုပ်လဲ အနည်းငယ်သန့်ဖို့တော့ လိုပါတယ်။

ဒါကြောင့် ဒီနည်းကို သူတောင်းစားအောက်တန်းစားနည်းလို့လဲ ကဲ့ရဲ့ကြပါတယ်။

ဒီနည်းကို တောင်းတဲ့လူဟာ လူအနည်းငယ်ရှင်းတဲ့နေရာမှာ ရပ်နေရပါတယ်။ အဲဒီထဲကမှ ကျဲပါးလှတဲ့ ဖြတ်သွားဖြတ်လာ လူကိုတားပြီး

"ဒီမှာ ဒီမှာ မုံရွာပြန်ဖို့ကားဂိတ် ဘယ်မှာလဲဟင်"

"ဟာ ကားဂိတ်ကအဝေးကြီး၊ ဒီမှာမဟုတ်ဘူး"

အဲဒီတော့မှ မျက်နှာလေးငယ်ပြီး





"ကျွန်တော်တို့မောင်နှမ မုံရွာပြန်ဖို့ လမ်းစရိတ်မရှိလို့ နည်းနည်းလောက်"

လူငအတွေနဲ့တွေ့ရင် အဆင်ပြေပြီး သူတောင်းစားငအတွေ သုံးတဲ့နည်းပါ။

သူတောင်းစားအစစ်တွေက ဒီနည်းဟာ ရှက်စရာ ကောင်းပြီး သိက္ခာမဲ့လို့ ဘယ်သူမှ မသုံးကြပါဘူး။

ဘာကြောင့်လဲဆိုတော့

"သူတောင်းစားဟာ ထမင်းစားဖို့ပဲတောင်းရမယ်၊ ခရီးသွားဖို့ မတောင်းရဘူးလေ"

အဆင့်မြင့်သူတောင်းစားမှန်သမျှ ကားမှမစီးတာ။ အိမ်ပြန်ရင်တောင် ဒီလိုပဲ လမ်းလျှောက်တောင်းပြီး ပြန်ကြတာကလား။

ငါနင့်ကို သနားတယ်ဘု။

ဒီလိုသန့်ပြန့်နေတာ ကြည့်ရခက်တယ်။ တောင်းနည်းပိုဇရှင်တွေ ချိန်းရတာ နှမြောတယ်။

ဒါကြောင့်

"ဟင်း နင်နဲ့ငါ ပြန်တွဲရဖို့ ငါကြိုးစားမယ်ဘု"

"ဟင် တကယ် တကယ်လားဟင်၊ နင်တကယ်ပြောတာလား"

နင်ဝမ်းသာတာမြင်တော့ ငါလဲဝမ်းသာတယ်ဘု။ နင်ပျော်ရင် ငါလဲပျော်တာပေါ့။ နင်ဝမ်းနည်းရင်သာ ငါ့အသည်းကို ဓားနဲ့မွှန်းနိုင်တာလေ။

"ဖိုးဂွင်တို့ ကြွလာပြီဟေ့"

အားရဝမ်းသာအော်သံ။

လူအားလုံး လှုပ်လှုပ်ရွရွဖြစ်ကုန်တယ်။

ငါလဲ ဘယ်နေနိုင်မလဲဘု။ ဂန္ထဝင်ပုဂ္ဂိုလ်ကိုတွေ့ရဖို့ ဘယ်သူဘာများ စောင့်နိုင်မှာလဲကွယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ငါသွားတော့မယ် ဘု၊ သွားတော့မယ်"
"ငါလဲ ငါလဲလိုက်မယ် ပိုလီ"
နှစ်ယောက်သား အပြေးထွက်ခဲ့မိတယ်။

× × ×







ဂွင်တိုဆိုတာ ဂွင်တိုနေတဲ့သူပါပဲ။ ခြေနှစ်ဖက် ဒူးနေရာက အပြင်ဖက်ကိုခွင်ပြီး ကားထွက်နေတာ သူ့ထူးရိုးတ်မတ်။ လက်က နှစ်ဖက်လုံး အလုံးအတို။ နှာခေါင်းက ပိုးစား ပြီးအတို။

နာမည်နဲ့လိုက်အောင် ခွင်ကွခွင် ကွနဲ့ သနားစဖွယ်ဝင်လာတယ်။ ဝတ်ထား တဲ့အကျီကိုက ကြွေကျလုလု။ အနောက်မှာ တပည့်တွေက တစ်ပြုံကြီး။ ပညာသင် မာစတာတန်း တက်နေသူတွေလေ။



www.burmeseclassic.com

www.burmeseclassic.com



လူကြားထဲ ခပ်ကြွားကြွားဝင်ထိုင်ပြီး ချိုင်းမှာညှပ်လာတဲ့ အိတ်စုတ်လေးချတယ်။ ပြီးတော့ သူ့လက်အတိုလေးနဲ့ ဆွဲထုတ်လိုက်တော့။

တယော။ တယောအစုတ်လေးတစ်လက်။ ဒီတယောနဲ့ ဒီလက်တို ဘယ်လို တယောထိုးမှာလဲ။ သို့သော်

ဖိုးဂွင်တို ဘယ်သူ့မှ အသေအချာမကြည့်ဘဲ

"ဟိုကောင် ငါ့လက်ကို ဘိုးတံချည်ပေးစမ်း"

တစ်ယောက်ကပြေးလာပြီး သူ့လက်အတိုကို ဘိုးတံချည်ပေးတယ်။

"အသေအချာချည်လေကွာ၊ ငါအားရပါးရထိုးမလို့"

တပည့်က ရိုသေစွာ လက်အတိုကို ဘိုးတံအသေအချာချည်တယ်။ ဖိုးဂွင်တို တယောကို ပခုံးနဲ့ခေါင်းအသေအချာညှပ်တယ်။ ပြီးတော့မှ

"ဟိုကောင် လက်ကွက်နှိပ်"

တစ်ယောက်က ပြေးလာပြီး လက်ကွက်နှိပ်တယ်။

ချိုအီသောတယောသံ။

"မွေး မွေးမကျေးဇူး ဆပ်ဖူးချင်တယ်လေ၊ တစ်မြေဆီခြားလို့ ဝေးကွာခဲ့ပြီ သားချစ်တဲ့မွေးမေမေ၊ သားသားချစ်တဲ့ မွေးမေမေ"

ချက်ချင်း ကိုယ့်အိတ်ကိုယ်နှိုက်ပြီး ပိုက်ဆံတွေ ကြဲပစ်မိတယ်ဘူ။ ဖိုးဂွင်တိုရဲ့အစွမ်းက သူတောင်းစားအချင်းချင်းတောင် မျက်ရည်ရွဲပြီး ရှိသမျှပစ်ကျဲစရာ။

တယောသံနဲ့ဆိုဟန်က ရှိနေသေးတဲ့ မေမေကိုတောင် ပြေးဖက်ချင်မိတယ်။

"အမေ ဘုရားခန်းက အမေ့ဓာတ်ပုံ၊ အမေ့ဂုဏ်တော်ပုတီးတွေ"





အလုံးတိုင်းအလုံးတိုင်း ရှိသမျှငွေတွေကို ညှစ်ထုတ်နေသလို ညှစ်ထုတ်နိုင်တယ်။ ထိုးနေတာက လက်အတို၊ လက်ကွက်နှိပ်တာက တစ်ယောက်၊ အတွဲညီလို့။

တုန်တုန်ယင်ယင် ပျော်ရွှင်မှု ခံစားမှုတွေက နှလုံးအိမ်ကို ဖြတ်ဖောက်သွားသလို၊ နာရီမပျက်တေးသံကို ဖန်တီးနေသောတေးသွားက အသိစိတ်ကို နိုးကြားစေပြီး လူက လှုပ်ပင်မလှုပ်ပါဘဲ လက်ကသာ တရစပ် အိတ်ကပ်တိုနှိုက်၊ တေးသွားရှေ့ သူ့အလိုလို ကြဲချနေမိတော့တယ်လေ။

ဆယ်နှစ်ပွဲဈေး
လှည့်တယ်ဆိုတာ လူ့လိုဆို
တောထွက်တာမျိုးပေါ့။
ကိုယ်နဲ့မရင်းနှီးတဲ့ဒေသမှာ
တခြားတီးလုံးသံ
တချိန်းချိန်းကြား
ဝင်တောင်းရတာ
လွယ်လှတာ မဟုတ်ဘူးဘူ။

သီချင်းတစ်ပုဒ် ဆုံးသွားတာတောင် ခံစားချက်က မဆုံးနိုင်။ သီချင်းပြီးတာတောင် ပရိသတ်ခမျာ မှိုင်ငေးဆဲ။ ငွေတွေတဖွဲဖွဲကျဆဲ။ သူတောင်းစားမှန်းသိတာတောင် သူတောင်းစားအချင်းချင်း ပြန်လှူနေမိရဲ့။

ဖိုးဂွင်တိုက တယောဘိုးတံကို တစ်ယောက်ကို ပြန်ဖြုတ်ခိုင်းတယ်။ ပြီးမှ

"အင်း ဒီမှာ ပိုလီနဲ့ပိကျိုအတွဲ နာမည်ကြီးတယ်"

နာမည်ခေါ်သံကြားလို့ရှေ့ထွက်

www.burmeseclassic.com



မိတယ်။ ဖိုးဂွင်တိုက ကိုယ်တို့အတွဲကို ပါးစပ်အဟောင်းသားနဲ့ ကြည့်တယ်။ ပြီးတော့ ခုနရထားတဲ့ ငွေတစ်ဝက်ကို ပြန်ခွဲပြီး ကိုယ်တို့ဆီ တွန်းပေးတယ်။ နှုတ်ကလဲ

"အင်း တိုးတက်ဦးမယ့်အတွဲပဲ ရော့"

ဆိုကာ ခါးပိုက်ထောင်က ဘာဂျာတစ်ခု ပစ်ချပေးတယ်။

"ဟာ"

ဘာဂျာအစုတ်ကလေးမြင်တော့ ကိုယ်မျက်လုံးပြူးရတယ်ဘု။ ဒီဘာဂျာဟာ ဂန္ဓဝင်သူတောင်းစားကြီး ဘတိုရဲ့ဘာဂျာ။ ကွယ်လွန်သွားပြီဖြစ်တဲ့ ဂန္ဓဝင်ကြီး ဘတို တစ်သက်လုံးမှုတ်သွားတဲ့ဘာဂျာ။

ဘတိုဆိုတာ ဘုသိပါတယ်။ ခြေလက်အားလုံးတိုနေလို့ ဘာတူရိယာမှ မတီးနိုင်ဘဲ တောင်းတဲ့ပါးစပ်တစ်ပေါက်နဲ့ ဒီဘာဂျာကို ကုန်းမှုတ်ပြီး အောင်ပွဲဆင်ခဲ့သူ။ ဘတိုဆိုတာ ကိုယ့်စံပြထဲက တစ်ယောက်ပဲဘု။

တုန်ယင်နေသော လက်အစုံနဲ့ ဘာဂျာကို ကုန်းကောက်လိုက်မိတယ်။ ဒါကို သက်ရှိထင်ရှား ဂန္ဓဝင်သူတောင်းစားကြီးဖိုးဂွင်တိုက သက်ပြင်းချပြီး

"အေး ဒီလောကမှာ ပိုလီတို့ပိကျိတို့ ရှိနေပြီဆိုတော့ ငါစိတ်ချပြီ၊ ဒါကြောင့် ငါလဲ ဘုရားပွဲဈေး၊ ဆယ့်ပွဲနှစ်ပွဲဈေးလှည့်တော့မယ်ကွယ်"

"ဗျာ"

ဖိုးဂွင်တိုရဲ့စကားကြောင့် အားလုံးအံ့အားသင့်သွားတယ်။ ဆယ့်နှစ်ပွဲဈေးလှည့်တယ်ဆိုတာ လူလိုဆို တောထွက်တာမျိုးပေါ့။ ကိုယ်နဲ့မရင်းနှီးတဲ့ဒေသမှာ တခြားတီးလုံးသံ တချိမ်းချိမ်းကြားဝင်တောင်းရတာ လွယ်လှတာ မဟုတ်ဘူးဘု။ ဖိုးဂွင်တိုတို့လို ငါးချီသမ္မာရင့် အဆင့်မြင့်သူတောင်းစားတွေမှ တောင်းလို့ရတာမျိုးကလား





သီချင်းကိုလဲ ဟိုက ဝတ်ကောင်းစားလှ မင်းသားနဲ့အပြိုင် ဆိုနိုင်မှဖြစ်တာကို။ ဆယ့်နှစ်ပွဲဈေးတောင်းဖူးလျှင် ဘယ်တော့မှ လူကြားထဲ ပြန်မဝင်ချင်တော့တာမျိုးလေ။

ဖိုးဂွင်တို မှတ်စရာရှိတာမှတ်ပြီး နောက်ပါအခြွေအရံတွေနဲ့ ပြန်သွားတယ်။

ဒီတော့မှ ကိုယ်လဲ လက်ထဲရထားတဲ့ ဂန္ဓဝင်ဘတိုရဲ့ဘာဂျာကို အားရပါးရ မိုးပေါ်ထောင်မြှောက်တယ်။ အဲဒီအချိန်မှာပဲ

"ပိုလီ ပိုလီ ပိုလီ"

ဆိုတဲ့အော်သံများ ဘဝင်ညံသွားပါတော့တယ်။

ကိုယ်ဟာ သူတောင်းစား ဒီပလိုမာရပေပြီ။

× × ×



www.burmeseclassic.com

www.burmeseclassic.com





တောက်ပစူးရှတဲ့ အလင်းရောင်ဟာ အနာဂတ်ကို လမ်းပြသလို။ နူးညံ့တဲ့ အလင်းရောင် လွှမ်းခြုံထားတဲ့ မင်းရဲ့တစ်လုံးတည်းကောင်း မျက်ဝန်းကို သတိရတယ်ဘု။ ကိုယ့်နံဘေးကနေ ဟိုးအဝေးကြီးကို သယ်ဆောင်သွားပေမယ့် ပျော်ရွှင်ချမ်းမြေ့ဖွယ်အတိပြီးတဲ့အတိတ်ကို တမ်းတနေတာ ဝေဒနာဘု။

တောင်ပံတဖျတ်ဖျတ် ရိုက်ခတ်နေတဲ့ ကိုယ့်သွေးကြောထဲက အလွှမ်းစိတ် မင်းဆီ ရှန်းကန်ပျံထွက်ချင်နေပြီ။





လွမ်းတယ်။

ဘယ်သူ့ကိုမှလဲ မကြားစေချင်ဘူးဘု။ လွမ်းတယ်။ ခွေးသားပေါက်ကလေးက ပြာပုံကိုလွမ်းသလိုလွမ်းတယ်။ ဝက်က ဗွက်အိုင်ငယ်ကို လွမ်းသလိုလွမ်းတယ်။ နွားခြေရာခွက်ထဲက ဖားသူငယ်လို မျက်လုံးအကြောင်သားနဲ့ လွမ်းတယ်။

ဂျုံးဂျုံးကျနေပြီ။ ဂျုံးဂျုံးကျနေပြီ။ ၃၉ပိုက်ပူကြီးလို ဂျုံးဂျုံးကျနေပြီဘု။

မင်းကိုလွမ်းတဲ့စိတ်နဲ့ ငါ ဂျုံးဂျုံးကျနေပြီ။

"မိုင်ထောင်ချီဝေးနေပေမယ့် နင်ငါ့အနား အမြဲတမ်းရှိသလိုပဲ၊ အဆင်ပြေမလားတွေးရင်းနဲ့ ရင်မောာ၊ နင်နေမျှားကောင်းရဲ့လားဘု၊ ဒီတစ်သက်မှာ ပြန်မဆုံနိုင်ခဲ့ကြရင် နင် ငါ့ကိုသာ မေ့သွားခဲ့ရင်"

ရင်ကွဲရပြီပဲ ချစ်ရသူဘုရေ. .

ဘယ်ဆီကိုသွားမလဲ၊ ဘယ်ရင်ခွင်နားမလဲ၊ ဒီအချိန်ဆို ဘယ်သူနဲ့ ရှိနေမလဲဘု။

စိတ်ချတော့ချစ်သူရေ၊ မပြောင်းလဲတဲ့ အချစ်တွေနဲ့ ထာဝရဘုတစ်ယောက်တည်းသာပဲဘု။ ကိုယ်တစ်ယောက်တည်းကိုချစ်တာဘုရယ်။

× × ×



www.burmeseclassic.com

www.burmeseclassic.com





အလွမ်းစိတ်တွေ တွန်းကန်ထွက်ရင် ငါပေါက်ကွဲသွားလိမ့်မယ်။ ပေါက်ကွဲသွားလိမ့်မယ်။ ရုပ်သန့်ပြီး အလုပ်မဖြစ်တဲ့ သူတောင်းစားအိတ်ဆွဲကောင်နဲ့နင် အဆင်ပြေပါ့မလား။

နင်လွှတ်လိုက်လို့တဲ့။ အဲဒီငမွန်းဆိုတဲ့ကောင် ငါ့ကျူရှင် ရောက်လာတယ်။ ငါသူ့ကို အသေအချာ စစ်ဆေးကြည့်တယ်ဘု။ ရုပ်က အလုပ်ဖြစ်မယ့်ရုပ် မဟုတ်တော့ ကြည့်မရဘူး။ ဒါနဲ့ အသံစစ်ကြည့်တယ်။





"ကဲ ငမွန်း သနားကြပါခင်ဗျာ"

"ဆိုတာလေး ပြောကြည့်"

"သနားကြပါခင်ဗျာ"

"မဟုတ်သေးဘူး၊ ရက်ဂျစ်စတာ မမှန်ဘူး၊ သနားကြပါဆိုတဲ့အသံက ရင်ထဲကအသံ၊ အဲဒါကို လည်ချောင်းနားမှာ ဖိထားရမယ်၊ ခင်ဗျာဆိုတဲ့အသံက နှာခေါင်းကထုတ်ရမှာ၊ ခင်ဗျာဆိုတာ အမှန်တော့ ခင်မျာနဲ့ခင်ညာနဲ့ကြားမှာ နှာသံလေးနဲ့ဖိပြီး ထုတ်ရမှာ ပြန်အော်ကြည့်"

"သနားကြပါခင်ဗျာ"

ခက်တာပဲဘုရယ်။ ဒီလိုရှင်းပြရမလွယ်တဲ့ကောင် ဘယ်လိုပရော်ဖက်ရှင်နယ်ဖြစ်မှာလဲဘု။ အသံရက်ဂျစ်စတာကို မထိန်းထားနိုင်ဘဲ ဘယ်လိုသူတောင်းစားဖြစ်မှာလဲ။ ဒါနဲ့ မတတ်သာတဲ့အဆုံး။

"အေး မင်းကတော့ ရုပ်ရော၊ အသံရောက ပါရမီနည်းတယ်၊ ရှိုးဒါရိုက်တာနဲ့တွေ့ကြည့်၊ သူအဆင်ပြေတယ်ဆိုရင်တော့ လမ်းပေါ်ထွက်ပေါ့"

ဆိုပြီး သူတောင်းစားရှိုးဒါရိုက်တာပိကျိတို့အဒေါ် ဒေါ်မြရွှေဆီခေါ်သွားလိုက်တယ်။

ဟုတ်တယ်ဘု။ တို့တွေ ပရော်ဖက်ရှင်နယ်လောကထဲဝင်ဖို့ဆိုရင် ရှိုးဒါရိုက်တာဆီမှာ သူတောင်းစားကိုယ်နေဟန်ထား၊ သူတောင်းစားခွက်မြှောက်ပုံ၊ သူတောင်းစားလှုပ်ရှားမှု စသည်ဖြင့် ရှိုးဒါရိုက်တာ ဒေါ်မြရွှေတို့ ဦးငွေးတို့ဆီ ကျူရှင်ယူရတယ်မဟုတ်လား။

ဒေါ်မြရွှေကြီးကလဲ အသေအချာ သင်ပေးရှာတယ်။

"မောင်လေး ပထမတော့ ခွက်မကိုင်နဲ့ဦး သိလား၊ ဒီအတိုင်းလေးပဲ ရိုးရိုးနေ၊ ထမင်းဖိုးလေးများ ဟင်းဖိုးလေးများဆိုတဲ့ အချိန်ကျမှ ခွက်ကို ဆတ်ခနဲဆွဲပြီး တစ်ဖက်လှည့်၊ ဒီမှာကြည့် ကိုယ်နေဟန်



www.burmeseclassic.com

www.burmeseclassic.com



ထား”

“ခြေထောက်ကို ခပ်ကျဲကျဲခွဲပြီး ခေါင်းမော့ခွက်မြှောက်”

ကိုယ်တောင်သနားတယ်ဘု။ သူတောင်းစားခွက်မြှောက်တဲ့ နေရာ ဒေါ်မြရွှေကို ဘယ်သူမှ မမီဘူးလေ။

ဒါပေမယ့် ဘုရယ်။

ပင်ကိုယ်ပါရမီနည်းတဲ့ အဲဒီငမွန်းဆိုတဲ့ကောင် ဘယ်လိုမှ သင်လို့မတတ်တဲ့အဆုံး ဒေါ်မြရွှေရော ဦးငွေးပါ လက်လျှော့လိုက်ရတယ်။

“မဖြစ်ဘူး၊ ဒီကောင်လေး ပါရမီနည်းတယ်”

ကိုယ်ကလဲ သူ့ဘဝလေး ကောင်းစားပါစေဆိုတဲ့ စေတနာနဲ့ သင်ပေးတာပဲဘု။ ဒါပေမယ့် ပါရမီအခံက လုံးဝပါမလာလေတော့ စားပေါက်ချောင်မယ့် အခွင့်အရေး ပါမလာရှာဘူး။ မတတ်သာတဲ့ အဆုံး။

“မင်းကွာ၊ ဘယ်လိုမှ သင်လို့မရတဲ့အတူတော့ တို့လောကမှာ လုပ်စားမနေပါနဲ့တော့”

“ဝါး”

ငိုသံကြားရတယ်ဘု။ ဒါပေမယ့် ဘာတတ်နိုင်မှာလဲလေ။

× × ×







“ကျွန်တော် ပိကျိုနဲ့မတွဲနိုင်တော့ဘူး မေမေ”

“ဘာ ဘာပြောတယ်သား”

ကိုယ့်စကားကြားတော့ မေမေ ထအော်တယ်။ ကိုယ်ကသာ ဆက်ပြီး

“ဟုတ်တယ်မေမေ၊ ကျွန်တော် ပိကျိုနဲ့ မတွဲတော့ဘူး”

မေမေက ကိုယ့်ကို အံ့အားသင့်နေပုံရတယ်။

“ဘာ ဘာဖြစ်လို့လဲသား၊ ပိကျိုနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲ"

အမေ့ရဲ့အမေးကို ရုတ်တရက် ဘာဖြေရမှန်းမသိ။ နောက်မှ သတိရပြီး

"မေမေကလဲ ထမင်းစားချိန်ကျရင် သူ့ခြေထောက်ကြီးနဲ့ ဇွန်းကိုညှပ်ပြီး လာလာကျွေးတာ စိတ်ပျက်စရာ"

မေမေတွေသွားတယ်။ နောက် မျက်မှောင်ကြုတ်စဉ်းစားပြီးမှ

"နေစမ်းပါဦးသား၊ သားက သူခပ်ပေးတဲ့ဇွန်းထဲကဟာ စားတာလား၊ သူ့ခြေမ,စုပ်တာလား"

"ဟာဗျာ၊ မေမေကလဲ ဒီလောက်စုတ်ပြတ်နေတဲ့ခြေမ စုပ်စရာလား"

"ဒါဖြင့် ဘာပြဿနာရှိလို့လဲသား"

"ဟာ မေမေကလဲ သူက ခြေထောက်နဲ့ဇွန်းကိုခပ်ပြီး မျက်နှာနားလာထားတာ"

"အဲဒီတော့"

"အဲဒီတော့ ဟနေတဲ့ သူ့ထဘီကြီးက သားကိုခြိမ်းခြောက်နေတာပေါ့ဗျ၊ မေမေကလဲ"

မေမေစဉ်းစားမရ ဖြစ်နေပုံရတယ်။

"ထဘီဟတော့ ဘာဖြစ်လဲ"

"မြင်တာပေါ့၊ အဲ ဘာမှန်းမသိဘူး မဲမဲမဲမဲနဲ့ သူ့ထဘီကြီးက"

မေမေသက်ပြင်းချတယ်။

"ဘာပြဿနာမှ မဟုတ်တာ၊ ပြဿနာမလုပ်နဲ့သား၊ သူပြတော့လဲ မြင်ရတာပဲ ဟုတ်လား၊ ကုသိုလ်ရပါတယ်သား၊ မေမေ့မှာ နှလုံးရောဂါနဲ့"





"ဟာ မေမေ့မှာ နှလုံးရောဂါရှိနေရှိတာ သားက သေတော့မှာဗျ၊ သေတော့မှာ"

ကိုယ့်ရဲ့ ငိုသံဝဲစကားကြောင့် မေမေတွေသွားတယ်။

"သားကို မေမေ ဒီလိုပုံလေး မွေးလာပေးတဲ့ကျေးဇူးကို ထောက်ပါဦးသားရယ်"

"သားသိပါတယ် မေမေ၊ ဒါပေမယ့် ဒါကြီးက နေ့စဉ်နဲ့အမျှ ကျွန်တော့်အသက်အန္တရာယ်ကို ခြိမ်းခြောက်နေလို့ပါ"

မေမေ သက်ပြင်းချပြီး

"ဒါဖြင့် သား ဘာဖြစ်ချင်သလဲသား"

"သား သား သန်းဘုနဲ့ပဲပြန်တွဲမယ် မေမေ"

"ဘာ"

မေမေရဲ့ အသံက ကျယ်တယ်။ မာထန်တယ်။ ရုတ်ခြည်း ခုန်ထပြီး

"အဲဒီတလေးမနဲ့ မပတ်သက်နဲ့လို့ ပြောထားတယ်မဟုတ်လား သား"

"အဲဒီလိုမှ မပတ်သက်ရရင်

သားပိကျိုနဲ့တွဲလို့
အနှုဆိုရင်
မေမေတို့အိမ်မှာ
အင်းပကိတ်ဂါးလဲရှိပြီ
ဆယ့်လေးလက်မတီဗီနဲ့
ကနားနဲ့လဲ
ဖြစ်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဒီလုပ်ငန်းကို မလုပ်နိုင်တော့ဘူး မေမေ"

"ဘာပြောတယ်"

မေမေက မျက်လုံးပြူးပြီး ထအော်တယ်။ သူထင်မှတ်မထား သော စကားမို့ အံ့အားသင့်သွားပုံလဲရတယ်။ အတော်ကြာမှ ကိုယ့်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး

"မင်းဘာပြောလိုက်တာလဲ ငါ့သား၊ ဒီလုပ်ငန်းဆိုတာ မင်း တို့မေမေတို့ မမွေးခင် ဟိုး အဘိုးအဘွားတွေ လက်ထက်ကတည်းက တည်ထောင်ခဲ့တဲ့ မိသားစုပိုင်လုပ်ငန်းပဲသား၊ ဒါကို မင်းက အဘိုး အဘွားတွေရေးခဲ့တဲ့ သမိုင်းကို မင်းက ခြေနဲ့ဖျက်ချင်တာပေါ့လေ၊ ဟုတ်လား"

ကိုယ်လဲ မခံနိုင်တော့ဘူးဘူ။ ဒါကြောင့် ခုန်ထပြီး

"ဖျက်သင့်ရင် ဖျက်ရမှာပဲ မေမေ၊ သားစိတ်မချမ်းသာတာ မေမေအတင်းအကြပ် မတိုက်တွန်းပါနဲ့"

"ဒါ ဘိုးဘွားပိုင်စီးပွားရေးနော် သား"

"ဘယ်သူပဲပိုင်ခဲ့ပိုင်ခဲ့မေမေ၊ သားကတော့ ဂရုမစိုက်နိုင် ဘူး"

"ဘိုးဘွားတွေ အခိုင်အမာတည်ဆောက်ခဲ့တာကို မင်းက အခြေခံအုတ်မြစ်ကနေ ဖြိုဖျက်ချင်နေတာလား သား"

"ဖျက်သင့်ဖျက်ရမှာပဲ မေမေ"

ကိုယ့်ဆုံးဖြတ်ချက်က ဘုအတွက် ခိုင်မာနေပြီဘူ။ မေမေက ကိုယ့်ကိုကြည့်ပြီး အံ့သြနေတယ်။

"ဒီမယ် သား၊ သားပိကျိနဲ့တွဲလို့ အခုဆိုရင် မေမေတို့အိမ် မှာ အင်ဇက်တာလဲရှိပြီ၊ ဆယ့်လေးလက်မတီဗီနဲ့ကနားနဲ့လဲ ဖြစ်နေ ပြီ၊ ဒီစီးပွားတိုးတက်မှုကို မဖျက်ပါနဲ့သားရယ်"

ကိုယ်သက်ပြင်းချမိတယ်။





"သား စိတ်ကြိုက်သာလုပ်ရရင် အဲဒီဝင်ငွေရအောင် သား ရှာပေးမယ်"

"ဟင် ဘယ်လို"

မေမေအံ့အားသင့်သွားပုံရတယ်။ ကိုယ်လဲ မေမေ့ကို တည့် တည့်ကြည့်ပြီး

"ကျွန်တော် သူတောင်းစားအော်ဂတ်စတြာဖြစ်အောင် ကြိုး စားမယ်မေမေ"

"ဟင်"

× × ×



www.burmeseclassic.com

www.burmeseclassic.com





နေ့တိုင်းနေ့တိုင်း တွေ့နေရတဲ့ ကမ္ဘာလောကကြီးဟာ နေ့စဉ် ရေမိုးချိုးသန့်စင်ထားသလို သစ်လွင်တယ်။

အေးချမ်းငြိမ်သက်တဲ့ အာရုံဦးက မင်းရဲ့အိပ်မက်ကို ဝတ်ဆင်တယ်။ မင်းရဲ့ ဆံမြိတ်ကို ဖြေချတယ်။ ရေကြည်ခွက်လို မင်းရဲ့နှုတ်ခမ်းပါးက ဂါရဝတရားနဲ့ တေးသံသီကြူးစေတယ်။

တည်ကြည်အေးချမ်းတဲ့ နေ့လေးတွေမှာ မင်းနဲ့ငါ ပန်းကောက်မယ်၊ ပန်းကုံး





တွေဆင်ပြီး ပန်းရန့်တွေနဲ့ ဆီမီးထွန်းညှိပူဇော်ကြတာပေါ့။

ကောင်းကင်ကကြယ်လေးတွေလို စပယ်ကုံး မင်းရဲ့ခေါင်းထက်မှာ ဝေနေစေရမယ်ကွယ့်။ ဒါကိုမှ စိုးရိမ်သံသယစိတ်နဲ့ ကြောက်ရွံ့နေရင် တို့တွေ ဘယ်လိုများ လွတ်မြောက်နိုင်မှာလဲဘု။ လွတ်မြောက်ဖို့ တို့ကြိုးစားရမယ်လေ။ မင်းနဲ့ငါ လွတ်မြောက်ဖို့ ကြိုးစားရဦးမယ်။

“မဟုတ်သေးဘူးဘု၊ ဝါးဆစ်ပုံ ညာဖက်အလုံးကို ဇောင်းနဲ့ခေါက်၊ ဘယ်ဖက်အလုံးက တည့်ထား၊ စတီးရင် ဘယ်ဖက်အလုံးတစ်ချက်၊ ညာဖက်အလုံးနှစ်ချက်တီး၊ တီးကြည့်စမ်း”

“ပုံ တူးတူး”

“ဟုတ်တယ်၊ အသံထွက်က သိပ်မကောင်းဘူး၊ ဝါးဆစ်ပုံအကြွမှာ ဝါးဆစ်နှစ်ခုတိုက်ဖို့ လိုသေးတယ်၊ ဒါမှ အထဲက ဘိလပ်ရေအခွံတွေက ချွင်ချွမ်နဲ့ အသံတွေထွက်လာမှာ အသေအချာလုပ်”

နင်က ငါပြောတဲ့အတိုင်း မနားမနေလုပ်တယ်။ ကြိုးစားတယ်။ သင်ရင်တတ်တယ်။ နင်က ဝါးဆစ်ပုံလေ့ကျင့်နေချိန် ငါကလဲ မနားရပါဘူးဘု။ လက်ထဲမှာ မယ်ဒိုလင်ကို ပိုက်၊ ပခုံးနောက်ကနေ သံကိုင်းနဲ့ ဦးဘတိုဘာဂျာကို ပါးစပ်နား သံကိုင်းနဲ့တင်။ တစ်ပြိုင်တည်း မယ်ဒိုလင်လဲတီး၊ ဘာဂျာလဲမှုတ်ပေါ့။ ဒီကြားထဲ ထိုင်နေတဲ့ခုံနှစ်ဖက်မှာ စည်းနဲ့ဝါးကိုချည်ပြီး တစ်ကိုယ်လုံး မအားရအောင်တီးမှုတ်နေရတာပဲမဟုတ်လား။ ဒီကြားထဲ တံတောင်နှစ်ဖက်ကြားချူနဲ့ပတ်ကားရှင်းဆင်ရသေး။ တစ်ခုခုကို တီးမှုတ်လိုက်တိုင်း ဆင်ထားတဲ့ပစ္စည်းတွေနဲ့ မြောက်ကြွထကနေသလို တစ်ကိုယ်လုံးလှုပ်ယမ်းသို့၊ သူတောင်းစားအော်ဂတ်စတြာကြီး ဖြစ်မယ်မဟုတ်လား။ နင်က ဝါးဆစ်ပုံနဲ့ ဆိုတီး၊ ငါက မယ်ဒိုလင်၊ ဘာဂျာ၊ စည်းဝါး၊ ပတ်ကားရှင်း ချူနဲ့ ဆိုတီးမှုတ်လုပ်။ ရံဖန်ရံခါ ဟာမိုနီ။ ရပ်(ပ်)ကဲ ငါတို့ဖောတ်ပြည့်စုံတဲ့ သူတောင်းစားဝိုင်း ဘယ်မှာရှိလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



"မိုးရေထဲမှာ အချစ်ရေ ခဏလေး တွေ့လိုက်မိတိုင်း၊ စိတ်လှုပ်ရှားတယ် မင်းလေးအကြည့်များ စွဲလမ်းနေပြီ၊ တို့ရင်ထဲမှာ မင်းကို ဘယ်လောက်များချစ်မိလို့သွား၊ တို့ကိုတို့တောင် မသိလိုက်ရပါလား"

မင်းရဲ့အသံစာစာနဲ့ ငါတို့ရဲ့ သံစုံတီးဝိုင်း။ ဘာကြာလို့လဲကွယ်။ လမ်းတိုင်းမှာ ငါတို့အသံဖုံးလွှမ်းလို့ လွှမ်းတတ်သူတို့ ကြွချတဲ့ ပိုက်ဆံ နှစ်ယောက်သား ကောက်မနိုင်လို့ တို့တွေ ပိုက်ဆံကောက်ဖို့ သူတောင်းစားအိမ်ဖော်တောင် ထပ်ခေါ်ခဲ့ရတယ်မဟုတ်လား။

"ငါသွားမယ် ဟောလိဝုဒ်၊ ငါသွားမယ် ဟောလိဝုဒ်၊ အိုဝိုအိုးဟောလိဝုဒ်"

ငါတို့ရဲ့ရည်မှန်းချက်အတိုင်း နိုင်ငံခြားသားတိုးရစ်များကတောင် အံ့အားသင့်ပြီး ဓာတ်ပုံတွေ တဖျတ်ဖျတ်ရိုက်၊ ဒေါ်လာငွေတွေပေး၊ သီချင်းဆိုခိုင်းနဲ့ ငါတို့လုပ်သမျှ ပါးစပ်အဟောင်းသား ငေးကြည့်ခဲ့ရတယ်မဟုတ်လား။

"မင်းက ငါအချစ်ဆုံးပါပဲ၊
ဘယ်သူမှ ငါ့အနားမရှိနိုင်ဘူး၊
ဝေးသွားလဲ ဘေဘီ လွတ်ကင်တူမိုင်းအိုင်း၊
နှုတ်မဆက်ချင်ဘူး"

ဒီလိုနဲ့ တို့တွေရဲ့ဓာတ်ပုံတွေကို ရယူပြီး
"ကမ္ဘာမှာ မြန်မာသူတောင်းစားဟေ့"

လို့ ဝင့်ကြွားစွာ ကြွေးကြော်နိုင်ခဲ့ကြပြီမဟုတ်လား။ နိုင်ငံခြားသားများကတောင် ရိုးသားကြိုးစား ကြိုးစား တို့သူတောင်းစားတို ငေးကြည့် ကြက်သေသေလို့ ဓာတ်ပုံတဖျတ်ဖျတ်ရိုက်ခဲ့ကြရတယ်လေ။ သူတို့ပြောတော့ သူတို့ဆီက မဂ္ဂဇင်းမှာ ထည့်မလို့တဲ့။ တို့ကမ္ဘာကျော်ပြီပေါ့နော်။





ငါ့ရဲ့မာတာမိခင်ကလဲ ဆယ့်လေးလက်မတီဗီကနေ ဆယ့်ရှစ်လက်မတီဗီရောင်စုံကြီးနဲ့ ကျူးကျော်တဲတစ်ကြောမှာ ကြွားဝင့်ပြီး နင်တို့အိမ်မှာလဲ အင်တာနာတိုင်နဲ့ ဘာနဲ့ ဖြစ်လာခဲ့ပြီမဟုတ်လားဘု။

တို့တွေ ကမ္ဘာမှာ မြန်မာသူတောင်းစားဟေ့လို့ ကြွေးကြော်ခဲ့ကြတယ်လေ။


× × ×



www.burmeseclassic.com

www.burmeseclassic.com





ကိုယ်တို့ဘဝကို ဖြတ်သန်းသွားတာ ရှင်သန်ဆဲနှလုံးသားပဲမဟုတ်လားဘု။ သစ်ပင်ပေါ်က သစ်ရွက်ကလေးရေ ငြိမ်ချက်သား ကောင်းနေပေမယ့် တို့တွေနှလုံးသား လှုပ်ရှားခဲ့ကြတယ်။ ငှက်ကလေးတွေ တေးမဆိုတော့ပေမယ့် တို့တွေအချစ်တေးတွေ သီကြွေးခဲ့တယ်။

အာသာပြင်းတဲ့ မင်းရဲ့မျက်ဝန်းတစ်လုံးထဲက ငါ့တေးဂီတကို တောင်းဆိုမလားရယ်လို့ စောင့်မျှော်ခဲ့ရတယ်ဘု။





ဩော် ဒါပေမယ့်ကွယ်။

ဘဝဆိုတာ ရပ်နေတာမျိုးမှ မဟုတ်တာ။

ခြေချင်းခတ်သံ တချွင်ချွင်မြည်သွားရင်တောင်

"ရှက်လိုက်တာ ရှင်ရယ်"

လို့ပြောတတ်တဲ့အရွယ်ရောက်ခဲ့ပေါ့။ နှလုံးသားရဲ့ဝန်ထုပ်ဝန်ပိုးက ရှက်မျက်ရည်စတွေနဲ့ ရွှမ်းရွှမ်းလက်တတ်ပြီလေ။

သာနေတဲ့လမင်းကိုကြည့်ပြီး ရင်ခုန်သံအကျယ်ကြီး မြည်ဟီးနေတတ်ပြီ။

"သစ်ရွက်လှုပ်တာမြင်ရင်တောင် ကော်ဆဲချင်တဲ့အရွယ်ကိုးဘု"

တစ်ခါက နင်နဲ့ငါ လမ်းကြိုလမ်းကြား လျှောက်တောင်းသွားရင်း ချုံကြီးတစ်ခုမှာ တစ်ဖက်တစ်ချက်စီထိုင်၊ အနားယူရင်း နင်ပြောတဲ့စကား ငါမှတ်မိတယ်ဘု။

"ငါလေသီလား"

နင့်ရဲ့စကားသံတိုးတိုး။ ဆည်းလည်းမြည်သံလို ငါနားစွင့်မိရဲ့။

"ငါကြီးလာရင်လေ"

စကားသံက ခေတ္တရပ်။ အရေးကြီးတဲ့ စကားဖြစ်မှန်း ငါရိပ်မိတယ်။

"နင် နင် ငါ့ကို မကဲ့ရဲ့ရဘူးနော်"

ငါလဲ ပျာပျာသလဲနဲ့။

"မကဲ့ရဲ့ပါဘူး၊ ပြောပါ"

ခပ်တိုးတိုးရယ်သံကြားရတယ်။ ပြီးမှ

"ငါကြီးလာရင်လေ"

အသံတိတ်သွားပြန်တယ်။ သစ်ရွက်လေတိုးသံလို နားစွင့်



www.burmeseclassic.com

www.burmeseclassic.com



နေမိ။

“ကေတီဗီမှာ သီချင်းဆိုမယ် သိလား”

ဘုရယ်။ ရည်မှန်းချက်ကြီးမားတဲ့ နင့်ကိုငါ လေးစားသွားတယ်။ စဉ်းစားရင်း မျက်လုံးကိုစုံမှိတ် ခေါင်းမော့ထားမိတယ်။

တစ်ချိန်ကျရင်
စပယ်ယာနဲ့
ကေတီဗီမတို့
စပ်ကျတဲ့သား လို
ဂုဏ်ယူဝင့်ကြွားဖွယ်
သားလေးမွေးချင်နေမိရဲ့ဘု

“ဘာကြောင့် အမြင့်ကြီးမှန်းတာလဲဟင်”

လို့ ငါပြောလိုက်ချင်တယ်။ ဒါပေမယ့် ဒီစကားက နင့်ကို ကဲ့ရဲ့သလိုဖြစ်မှာ စိုးရသေး။ မေးချင်တဲ့စကား မြိုသိပ်ထားလိုက်တယ်။ ထပ်ပြောတဲ့ နင့်ရဲ့စကားတွေက စိတ်ထက်သန်မှုကိုပြတယ်။

“ကေတီဗီမှာဆိုရင်လေ ကိုယ်က ထိုင်နေရုံပဲသိလား၊ လာတဲ့ယောကျ်ားတွေက တစ်နာရီဝင်ဖက်ရင် တစ်ထောင်ပေးတယ်တဲ့၊ ဘာလို့လဲမသိဘူးနော်”

ဒီကိစ္စလောက်ထိ ငါလဲ ဘယ်ဉာဏ်မီပါ့မလဲဘုရယ်။ ကေတီဗီဆိုတာ သူများပြောလို့ကြားဖူးရုံရှိတာ၊ ဝင်ကြည့်ဖို့မပြောနဲ့။ ရှေ့က ဖြတ်သွားဖူးလားဆိုတာတောင် ဇဝေဇဝါ။

“တစ်ခါတစ်ခါဆို တစ်နာရီ





ထဲမှာ သုံးလေးထောင်မျိုးရတတ်တာလဲ ရှိတယ်တဲ့၊ တို့ရွှေဒါရိုက်တာကြီး ဒေါ်မြရွှေဆို ကေတီဗီဆင်းတဲ့၊ နာဂစ်ဖြစ်မှ ဒီထဲဆင်းလာတာတဲ့”

ဝဟုသုတကြွယ်လွန်းတဲ့နင့်ကို ငါ လေးစားမိတယ်ဘု။ ရည်မှန်းချက်ကြီးကြီးအတွက် လေ့လာမှုတွေ ကြိတ်ပြီးပြုလုပ်နေတယ်ဆိုတာ သိပ်သိသာတယ်။

“ဒါပေမယ့် ငါ့မျက်လုံးက”

နင့်ရဲ့သိမ်ငယ်မှုကို ငါနားလည်ပါတယ်ဘု။

“နင့်မျက်လုံးက ကုရင်ရမှာပါ”

သက်ပြင်းချသံက မျှော်လင့်ချက်မဲ့ကြောင်းပြတယ်။

“နင် နင်ကရော ကြီးလာရင် ဘာလုပ်မလဲ”

ရုတ်တရက်အမေးကြောင့် ဘာဖြေရမှန်းမသိ ဖြစ်မိသေးတယ်။ နောက်မှ

“ငါပြောရင်လဲ နင်မရယ်ရဘူးနော်”

ဘုပြုံးနေတာ တွေ့ရတယ်။ ဒါပေမယ့် နှုတ်က

“မရယ်ပါဘူးဟာ၊ ပြောပါ”

ငါ နင့်ရှေ့ခေါင်းကုတ်ပြီး

“ငါ ငါလေ ကြီးလာရင်”

နင်က ငါ့ကိုပြုံးပြီးကြည့်နေတုန်း။ ငါသာ ရှက်ကိုးရှက်ကန်း

နဲ့

“ငါ ငါကြီးလာရင် ဟိုလေ၊ စပယ်ယာကြီးလုပ်မှာ”

“ဟယ်”

ဘုက အံ့အားသင့်ပြီး သူ့ပါးစပ်သူ ပြန်ပိတ်ပြီးကြည့်တယ်။ ငါကတော့ ရှက်ကိုးရှက်ကန်းနဲ့

“ဝိတ်တာတော့ ငါမမှန်းရဲဘူးဟာ၊ စာမတတ်လို့လေ”



www.burmeseclassic.com

www.burmeseclassic.com



ရည်မှန်းချက်ကြီးမားသူချင်း တစ်ယောက်ကိုတစ်ယောက် ငေးကြည့်နေမိကြတယ်။

“ဒါပေမယ့် ငါ့ခြေထောက်နဲ့က”

ငါ့စိတ်ထဲမှာတော့လေ သိလားဘု။

“တစ်ချိန်ကျရင် စပယ်ယာနဲ့ ကေတီဗီမတို့ စပ်ကျတဲ့သား လို့ ဂုဏ်ယူဝင့်ကြွားဖွယ်သားလေးမွေးချင်နေမိရဲ့ဘု”

သူတို့မျှော်လင့်ချက်တွေက အိမ်ပိုင်မရှိဘဲ ပါတီထောင်ချင်သူလို အရာရာမှုံဝါးဝါး။

× × ×







နှစ်လိုဖွယ်ဖြစ်စေသော နင့်အပြုံးက ခွန်အားတစ်ခုပါဘု။ နင့်ရဲ့ရည်မှန်းချက်တွေ နင့်ရဲ့မျှော်လင့်ချက်တွေကို ငါဖြည့်ဆည်းပေးချင်ပါတယ်။ ငါတို့ဘဝဟာ ကချော်ကချွတ် လှေငယ်လေးလို တိမ်းမှောက်ပြီးပဲဟာလေ။ ခြေဖွနင်းပြီး ကမ်းစပ်တက်ဖို့ဆိုတာ ဘာခက်တာမှတ်လို့။

မွန်းတည့်ချိန်မှာတောင် ကြေကွဲနေတတ်ရင် မွန်းတိမ်းရင် ဘယ်လိုနေရပ့်။ သေဆုံးပြီးသား ခွေးအိုကြီးမှမဟုတ်တာ



www.burmeseclassic.com

www.burmeseclassic.com



ဘုရယ်။ နလန်ထချိန်ဆိုတာ ရှိဦးမှာပေါ့။

"ငါ ငါတော့ ဒီအလုပ်ကို လုံးဝမလုပ်ချင်တော့ဘူး ပိုလီရယ်၊ ငါရှက်လာပြီ"

ရှက်တယ်ဆိုတဲ့စကား တို့လောကသားမှာမရှိတော့ ငါ အံ့အားသင့်မိတယ်။

"ရှက်တယ်ဆိုတာ ဘာလဲ"

ငါမဝေခွဲတတ်ဘူးဘု။ ရှေးဘဝက တို့အပေါ် တင်နေတဲ့ အကြွေးကို ငါတို့ ဒီဘဝမှာ ပြန်တောင်းတာ ဘာများရှက်ရမှာလဲ။

"ဘာလို့လဲဟင်"

မသေမချာ ငါမေးတော့ နင်က ခေါင်းလေးခါပြီး

"နင်ကလဲ ငါတို့ကအရွယ်လဲရောက်နေပြီ၊ နောက်ပြီး သန်သန်မာမာကြီးတွေနဲ့ အလုပ်မလုပ်ဘဲ လိုက်တောင်းနေရတာ ရှက်စရာပေါ့"

"တောင်းတာ တို့အလုပ်မဟုတ်ဘူးလားဟင်"

ငါ့အမေးကိုနင်သက်ပြင်းချတယ်။

"လူဆိုတာ အရွယ်ရောက်လာရင် ကိုယ့်အားကိုယ်ကိုးပြီး အလုပ်လုပ်ကိုင်စားသောက်ရတယ်လေ"

"အေးလေ၊ ငါဆို မွေးစတည်းက ကိုယ့်အားကိုယ်ကိုးပြီး တောင်းစားလာတာ နင်လဲအသိ"

ရှင်းပြမလွယ်လို့ထင်ပါ့။ နင်ငါ့ကို စိတ်ပျက်သလို ကြည့်တယ်။

"လူဆိုတာ အရွယ်ရောက်လာရင် ကိုယ့်အားကိုယ်ကိုးပြီး အလုပ်လုပ်ရတယ်၊ သူများဆီမှာလိုက်ပြီးတောင်းစားနေတာ လူသာမန်တွေရဲ့အလုပ်မဟုတ်ဘူး၊ ကိုယ့်ရှိတဲ့အင်တွေအားတွေနဲ့ အလုပ်တစ်ခုကို အားစိုက်လုပ်ပြီး ကိုယ့်ဘဝကိုယ် ရပ်တည်ရတယ်"

"ဟာ နင်ကလဲ၊ ငါ့မေမေပြောတာက ဉာဏ်မရှိတဲ့လူတွေသာ





အင်တွေအားတွေနဲ့ ပင်ပင်ပန်းပန်း လုပ်စားနေရတာတဲ့၊ ဉာဏ်ရှိတဲ့ ငါတို့မှ ဘာမှလုပ်စရာမလိုဘဲ သူတို့အင်နဲ့ အားနဲ့ ရှာထားတဲ့ပိုက်ဆံကို အသာလေး ဉာဏ်ရည်လေးနဲ့ တောင်းယူတာတဲ့၊ အဲဒါ မမှန်လို့လားဟင်"

ရှင်းပြရမလွယ်တဲ့ငါ့ကို နင်စိတ်ပျက်သွားလားဘု။ ဒါ တို့တွေရဲ့ သူတောင်းစားသမိုင်းမှာ ဒီလိုပဲရှင်းပြခဲ့တာလေ။ နင်က မျိုးရိုးနဲ့ မဟုတ်တော့ နင့်အတွေးတွေ တစ်မျိုးလဲ ဖြစ်ချောင်းဖြစ်နေနိုင်တယ်ပေါ့ဘုရယ်။

နောက်ဆုံးတော့ နင်က ငါ့ကုတ်ကိုဆွဲပြီး

"ကဲ ဒီလောက်ရှင်းပြရခက်ရင် ဒီမှာလာကြည့်"

ဆိုကာ နေရာတစ်ခု ခေါ်သွားတယ်လေ။

"ကြည့်စမ်း"

"အလို"

ငါတို့နဲ့ အရွယ်တူလောက်တွေ လွှတွေဖြတ်၊ တူတွေထုနဲ့ လုပ်ငန်းခွင်ဝင်နေကြတာ။

ငါတို့ညည်းဆိုနေတဲ့ သီချင်းဆောင် ကြားယောင်မိရဲ့။

ငါတို့ရဲ့ခြေလှမ်းတွေက
လူမှန်းစသိကတည်းက
ဖျက်ပြီး လျှောက်ခဲ့ရတယ်လေ။
သန်သန်မာမာဆို
ဘယ်သူကမှ
မလှူချင်လို့
မသန်ချင်ယောင်
ဆောင်ခဲ့ရတာတွေလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ ဒီမှာ ကြည့်စမ်းပါဦးလားလေ၊ တို့အပေါင်းအသင်း ရောင်းရင်းသူငယ်ချင်းတွေ၊ လှတို့၊ တူတို့၊ နိုင်ရာတွေကိုထမ်း၊ စက်မှု လုပ်ငန်း မျိုးပြုတ်စေဖို့ ခိုးထုတ်နေကြတာတွေ တွေ့နိုင်ပါသေး၊ မင်း တို့ငါတို့ သူငယ်ချင်းတွေ"

"အဲဒီမှာ ဘာထူးခြားလဲတွေ့လား"

အတွေးစ ပြတ်သွားတယ်။

ဘာမှမထူးခြားပါဘူးဘု။ ခါတိုင်းမြင်နေကျလိုပါပဲ။ ဒါကြောင့် ခေါင်းခါပြီး

"ဟင့်အင်း ဒီလိုပါပဲ၊ သာမန်ငတုံးလေးတွေပါပဲ၊ ပင်ပန်း လိုက်တာ"

ဘု။ နင်က ငါ့ကိုပြန်ကြည့်တယ်နော်။

"အေး နင်မှတ်ထား၊ သူတို့က ပင်ပင်ပန်းပန်းအလုပ်လုပ် ကြရပေမယ့် ပြုံးရယ်နေနိုင်တယ်"

"ဟင်"

နင်ပြောမှ ငါသတိထားမိတယ်။ ဟုတ်သား။ သူတို့ခမျာ ပင်ပင်ပန်းပန်း လုပ်နေကြပေမယ့် ပြုံးလို့ပျော်လို့။

ငါတို့ဘဝကို ပြန်စဉ်းစားမိတယ်။

စကားတတ်ခါစကတည်းက ငိုချင်ယောင်ဆောင်ခဲ့တာလေ။

လူက မငိုချင်ပါဘဲ တံတားအောက် လူစည်ကားရာနေရာ တစ်ခုမှာ မျက်ရည်ရွှဲသည်အထိငိုပြီး

"ဟီး သားပိုက်ဆံ သုံးဆယ့်ငါးကျပ် သူများလုသွားလို့ ဟီး"

ဒါမှ ငါးဆယ်ရမှာကိုးဘုရယ်။

"ဟိုးမှာကြည့်စမ်း"

ဘုညွှန်ပြရာ လှမ်းကြည့်မိရဲ့။

"ဟင် ငမွန်း ငမွန်းမဟုတ်လား"





မပြုံးစဖူး မျက်လုံးပါပြုံးမိရဲ့။ ဟုတ်ပါ့။ နင့်ရဲ့အတွဲ၊ ငါ့ရဲ့ အိမ်ဖော်ငမွန်းပဲ။ သူတောင်းစားပညာမတတ်လို့ ငါမောင်းထုတ်ခဲ့တဲ့ ကောင်။

အောင်မာ ဂေါ်ပြားကြီးထမ်းပြီးကြွားနေတာ။ ဒါကို ချစ် သော ငါ့ရဲ့ဘုက

"ကြည့်စမ်း၊ နင့်တပည့်ငမွန်းကတောင် လူကြားထဲ ပြုံးပျော် လို့၊ နောက်ပြီး ကြည့်စမ်း၊ သူတို့ရဲ့ခြေလှမ်းတွေက ခိုးကြောင်ခိုးဝှက် မဟုတ်ဘူး၊ ငါတို့လို မရဲတရဲလှမ်းရတာမျိုး မဟုတ်ဘူး၊ တွေ့လား၊ ရဲရဲဝံ့ဝံ့နဲ့ကို လှမ်းနေကြတာ"

"ဟာ"

နင့်ရဲ့စကားတွေက ငါ့ရဲ့ဦးခေါင်းထဲ လင်းခနဲ။ မိုးကြိုးပစ် ခါနီး မြင်လိုက်ရတဲ့ လျှပ်စီးလို ရှင်းခနဲမြင်လိုက်ရတယ်ဘု။

ဟုတ်တယ်ဘု။

ငါတို့ရဲ့ခြေလှမ်းတွေက လူမှန်းစသိကတည်းက ဖျက်ပြီး လျှောက်ခဲ့ရတယ်လေ။ သန်သန်မာမာဆို ဘယ်သူကမှ မလှူချင်လို့ သန်ချင်ယောင်ဆောင်ခဲ့ရတာတွေလေ။

ဘယ်တုန်းကများ ခေါင်းကို ကောင်းကောင်းမော့ခဲ့ရလို့လဲ ကွယ်။ ဘယ်မှာများ ခေါင်းမော့တတ်ခဲ့လို့လဲ။

"ဒါ ဒါဆို တို့ဘာလုပ်သင့်လဲဟင် ဘု"

ဘု။ နင် ငါ့ကိုကြည့်ခဲ့တယ်နော်။ အတော်ကြာမှ

"တို့လဲ လူကြားထဲ ရင်ကော့လမ်းလျှောက်သင့်ပြီပိုလီ"

"ဟာ"

လေထဲမြောက်ပါသွားမလို ခံစားမိရဲ့။ ငါ့နာမည်ကို တံတိုင်း ထဲ ချုပ်နှောင်ထားသလို ခံစားမိရဲ့။ ကိုယ့်ဘဝကိုကိုယ်ချည်နှောင်မိ အောင် ကြိုးစားခဲ့သလို ခံစားမိရဲ့။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့လေ။ ငါ ဒီဘဝကို လွတ်မြောက်ချင်ပြီ။ တကာယ်ကို လွတ်မြောက်ချင်ပြီ။

နင်နဲ့အတူပေါ့ ဘုရယ်။ နင်နဲ့အတူပေါ့။

× × ×







အခုတော့လေ အခုတော့. .

အောင်မြင်မှုတွေကို ခဝါချ၊ ကျော်ကြားမှုတွေကို ဖြုတ်သိမ်း၊ နံပါတ်တစ်ဆိုတဲ့ *အရှိန်အဝါကို ချိုးကုတ်၊* ရွှေရောင်လွှမ်းခဲ့တဲ့ တို့ရဲ့ဘဝလမ်းကို မေ့ဖျောက်ပြီး ဘယ်သူမှ မမှတ်မိအောင် ရုပ်ဖျက်လို့ တို့လုပ်ငန်းခွင် ဝင်ခဲ့တယ်။

နင်က မဆလာသယ်၊ ငါက မြေကျင်းတူးနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတစ်ခု ဆီ ရောက်ခဲ့ကြတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



နင်တို့မိသားစုတော့ မသိဘူးဘု။ ငါ့ရဲ့မေမေကတော့ ရင်ဘတ်စည်တီးပြီး

"မွေးကျေးဇူးကိုမှမထောက်၊ အောင်မြင်မှုပန်းတိုင်ကိုရောက်ကာမှ ဘ၀ဖျက်ရက်လေခြင်း၊ နင်ဟာ ကိုယ့်ရဲ့အောင်မြင်မှုကို အလွယ်တကူ ဖျက်ဆီးနိုင်သူကြီး၊ ဟီး အောင်မလေး မေမေတို့မျိုးရိုးဂုဏ်တော့ ပျက်ရချည်ရဲ့၊ တစ်သက်လုံး သူတောင်းစားတကာလေးစားခဲ့တဲ့ သူတောင်းစား၊ နင့်အလှည့်ကျမှ အလုပ်ထွက်လုပ်မတဲ့ ငါရှက်လို့သေရချည်ရဲ့"

ဆိုပြီး တက်နေသေးလို့၊ ငါက သူ့ခြေမကိုချိုးပြီး

"အမေရာ၊ အချိန်တွေအများကြီး ကျန်ပါသေးတယ်၊ သားအသက်ကြီးလာရင် ဒီအလုပ်ပြန်လုပ်လို့ရတာပဲ"

"ဟဲ့ အသက်ကြီးမှပြန်လုပ်တော့ မျက်နှာပိုဇရှင်တွေ ဘယ်မှန်တော့မှာလဲ၊ နင်လေ့ကျင့်ခဲ့တာတွေ အလကားဖြစ်တော့မှာပေါ့။ အောင်မလေး နှမြောလိုက်တာသားရယ်"

"အမေရယ် သားကိုလဲ အရွယ်ရောက်တုန်းလေး အများနည်းတူ လုပ်ခွင့်ပေးပါနော်၊ နော်"

အကြိမ်ကြိမ်တောင်းပန်ပြီး မေမေခွင့်မပြုတဲ့ကြားက ဇွတ်ရုန်းလို့ နင့်ရဲ့အလုပ်နောက် ကောက်ကောက်ပါလိုက်ခဲ့မိရဲ့။

ဘုရယ်။

ကိုယ်မကျွမ်းကျင်တဲ့အလုပ်မို့ လုပ်ရလွယ်တာတော့ မဟုတ်ဘူး။ နင်သိတဲ့အတိုင်း တို့တွေက ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင်(အိမ်မှာတောင် မီးမထည့်ဘဲ)တောင်းစားလာတဲ့လက်မို့ နူဖတ်နေလေရဲ့။

လက်ထဲကိုင်ထားတဲ့ခွက်စုတ် ကလောက်ကလောက်မြည်ရုံခွက်လှုပ်ဖူးသူမို့ အခု ပေါက်တူးကိုင်၊ ပေါက်ပြားကိုင်နဲ့မို့ လက်မှာ





အရည်ကြည်ဖုထ၊ မျက်ရည်ကျလောက်အောင် နာကျင်တာကို ကြိတ်မှိတ်ခံစားရရဲ့။

တစ်ခါတစ်ခါလဲ အမေပြောတဲ့စကား ပြန်လည်နားယောင်ပြီး သက်သောင့်သက်သာ ပြန်လို့သာတောင်းစားချင်ရဲ့။ ဒါပေမယ့်လေဘု။ လူဆိုတာ ကြိုးစားရမယ် မဟုတ်လား။ ငါကြိုးစားခဲ့တယ်ဘု။ ဒါကိုတောင် အရင်သူတောင်းစားလုပ်စားမရလို့ ငါ့အိမ်ဖော်လုပ်ခဲ့တဲ့ ငမွန်းကလာပြီး

"ဟော့ကောင် သူတောင်းစား"

လို့ခေါ်တိုင်း ငါဘ၀င်မြင့်မိသေးရဲ့။

ဟုတ်တယ်လေ။ ငါဟာ ပီဘိသူတောင်းစား။ သူများထက်နှာတစ်ဖျားပိုတိုတဲ့ သူတောင်းစားလေ။ ဘ၀င်လေဟပ်မိပါရဲ့။

နောက်မှ သတိရပြီး

"ဟော့ကောင် ငါမတောင်းစားတော့ဘူး၊ ငါ့ကို အဲဒီလိုမခေါ်နဲ့"

"မခေါ်လို့ရမလား၊ မင်းက သူတောင်းစားပဲ"

သူ့စကားကို ငါမခံနိုင်ဘဲ

"အေး အဲဒီတုန်းက မင်းကငါ့ရဲ့အိမ်ဖော်၊ ငါ့ရဲ့ကျူရှင်သင်တန်းသား၊ အဲဒါလဲ မှတ်ထား"

ဆိုမှ မျက်နှာအပျက်ပျက်အယွင်းယွင်းနဲ့

"အေး ရှေးဘ၀ကို မင်းဘာမှထည့်ပြောစရာမလိုဘူး၊ ဒါပဲ"

ဆိုပြီးထွက်သွားရှာတယ်။

ဒါပေမယ့် ဒီဘ၀မှာ ကိုယ့်လောကမဟုတ်တော့ အနှိမ်ခံရပါရဲ့။

"ဟော့ကောင် ထော့ကျိုး၊ ပေါက်တူးကို ဘယ်လိုပေါက်နေတာလဲ၊ အားရပါးရပေါက်လေ"



www.burmeseclassic.com

www.burmeseclassic.com



တို့တွေလက်က အနုပညာသမားလက်လေဘူး။ ရနိုင်သလောက်ပဲ ရမှာပေါ့ ဟုတ်ဖူးလား။ ဒါပေမယ့် တစ်သက်လုံးနုဖတ်နေအောင် တောင်းစားခဲ့တဲ့လက် ဂျွတ်တက်အောင် မြေပေါက်ခဲ့ရ။ အရင်က အလှမပျက် ချွေးမထွက်ခဲ့တဲ့ငါ၊ နဖူးကချွေး ခြေမကျသည်အထိ လုပ်ကိုင်စားသောက်ခဲ့ရပေါ့ဘူး။

"ဟော့ကောင် ဘာငေးနေတာလဲ ပိုလီ၊ ဟိုဖက်က မြေသယ်စမ်း"

မင်းကိုငေးနေရင်း အလုပ်ကြပ်ကိုအောင်ကြိုင်စကားကြောင့် အတွေးစပြတ်ရတယ်။ ဒါပေမယ့် တခဏသာပါဘူး။

ရှေ့မှာ နေမင်းကိုမြင်နေလျက်နဲ့ လမင်းကို မမျှော်ငေးနိုင်သေးဘူးဘူး။ အတုဆိုတာ အမြဲမတည်မြဲရင် လမင်းကိုချစ်စိတ် ဘယ်လိုဝင်လာလို့ရမှာလဲဘူး။ နင်ဟာ ငါ့ရဲ့နေမင်းပါ။

"နင်ဟာ ငါ့ရဲ့ကမ္ဘာ၊ နင်ဟာ ငါ့ရဲ့အရှင်၊နင်ဟာ ငါ့အိပ်မက်ပါ၊ နင်ဟာ ငါ့မျှော်လင့်ချက်၊ ငါတို့ဝေးသွားရင် ပြန်မဆုံဖြစ်ကြရင် မင်းနှလုံးသားထဲမှာ အမြဲတမ်းရှိပါစေ ဘူ"

× × ×







မေတ္တာသူဖုန်းစား

"သင့်လက်ဖြင့်ပိုလားစွာ ပေးကမ်းသမျှကိုသာ
ကျွန်ုပ်ယူပါမည်၊ နောက်ထပ်မတောင်းတော့ပါ"
"ရောင့်ရဲလွယ်သော အသင်သူဖုန်းစား
သင်သည် ရှိသမျှအားလုံး တောင်းဆို၏"
"အလေ့ကျ ပန်းလေးတစ်ပွင့်ရှိလျှင်ပင်
ကျွန်ုပ်၏နှလုံးသားမှာ ပန်ဆင်လို၏"
"ဆူးစူးလျှင် အသို့ကြံမည်နည်း"
"ကျွန်ုပ်အစူးခံပါ့မယ်"
"ရောင့်ရဲနိုင်သော သူဖုန်းစား
သင်သည် ရှိသမျှတောင်းဆို၏"
"ချစ်သူ၏ ချစ်စဖွယ်မျက်လုံးများဖြင့် ကြည့်မည်ဆိုလျှင်
ကျွန်ုပ်ဘဝ သေပျော်ပါပြီ"
"ရက်စက်သောအကြည့်ဖြစ်လျှင်ရော"
"ကျွန်ုပ်၏နှလုံးသား၌ ထာဝရသိမ်းဆည်းပါမည်"
"ရောင့်ရဲလွယ်သော သူဖုန်းစား
သင်သည် ရှိသမျှတောင်းဆိုနေ၏"

ရာဘင်ဒြာနသ်တဂိုး

× × ×



www.burmeseclassic.com



ငါ့ရဲ့ခေတ်တစ်ခုမှာ ချစ်ခြင်းမေတ္တာ မျှော်လင့်ချက်တွေ ရှိနေပြီပဲ။ နံနက်ခင်း နေခြည်မှာ ပြည့်နှက်နေတာ တေမိရဲ့တေးသွား တွေပေါ့။ ချစ်သူ၏ အကြည့်တစ်ဖက်ကို လက်ကိုယှက်မိုး၊ မျက်ရည်များနဲ့သာ ရှိခိုး ချင်ရဲ့ဘု။

ဟိုးဝေးဝေးမှာ မဆလာသယ်နေ တဲ့ နင့်ရဲ့အနား ငမွန်းဆိုတဲ့ကောင် ကပ်ပါ နေတာ ငါ့နှလုံးသား ဓားနဲ့မွှန်းနေသလို ပါပဲ။ သူ အနားရောက်တိုင်း နင်ပြုံးရယ်





လိုက်တိုင်း ခန္ဓာကိုယ်က အလိုလို နာကျင်နေသလိုပေါ့။

သူတောင်းစားတောင် မဖြစ်နိုင်တဲ့ရုပ်နဲ့ ချစ်သူရဲ့နံဘေးနား အကောင်းစားချည်ထည်စလင်းဘက်(ခ်)လို တိုက်ရိုက်ကပ်ပါနေမှုက မင်းရဲ့ပျိုမျစ်တဲ့ ခန္ဓာကိုယ်သွယ်လျလျလေး ကန့်ကလျှယိမ်းနွဲ့မှုတောင် ငါမုန်းတယ်။

ရွှန်းရွှန်းလက်လက် မင်းအပြုံးက လှေဆိုက်နေတဲ့အခါ ညနေခင်းမှာ ကိုယ်ထိုင်တွေးမိနေသလိုမျိုး။ နေခြည်တည့်ရင်တောင် လှေကလေးနဲ့ ပနာရရဲ့။

“ထမင်းစားနားမယ်ဟေ့”

နေ့စဉ်မျှော်နေရတဲ့ အဲဒီအသံက သာယာနာပျော်ဖွယ် ဆည်းလည်းထိုးလိုက်သလိုမျိုး။

လက်ထဲရှိတဲ့ပေါက်ပြားကိုပစ်ချ၊ ကြွပ်ကြွပ်အိတ်နဲ့ထုပ်ထား တဲ့ ထမင်းထုပ်ကိုဆွဲလို့ ငါအပြေးအလွှားသွားမိရဲ့။

ဒီကနေ့မှာ မင်းအတွက် ခံတွင်းမြိန်စရာ ချဉ်ပေါင်ကြော် ပါရဲ့လေ။

ထမင်းစားဖို့ ကော်ဘူးစုတ်ကလေး ဖြန့်ခင်းထားတဲ့နင့်ရဲ့ အနား ကမန်းကတန်းထိုင်ပြီး

“ဘု ဒီမှာ နင့်အတွက်ချဉ်ပေါင်ကြော်”

ချဉ်ပေါင်ကြော်ထုပ်ကို ဖြုတ်ပေးစဉ်မှာပင်

“သန်းလေး၊ ဒီမှာ နင့်အတွက် ကြက်ဥဟာတ်ဖရိုက်နဲ့ ဗယာ ကြော်နှစ်ခု”

နှာခေါင်းထဲတိုးဝင်လာတဲ့ သင်းပျံ့ပျံ့ရနံ့နဲ့အတူ အမြင် အာရုံထဲက ကြွပ်ကြွပ်အိတ်တစ်ခု။ ဟုတ်ပါရဲ့။ ကြက်ဥကြော်နဲ့ ဗယာ ကြော်။

မြှောက်ကိုင်ထားတဲ့ ငါ့ချဉ်ပေါင်ကြော် အလိုလိုမျက်နှာငယ်



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။

ခေါ်တဲ့နာမည်ကိုက သန်းတဲ့။ ငါခေါ်တာက ဘူ။ ရုပ်ကြည့်တော့ ပြီတီတီငမွန်း။ သူက ပန်းရန်ဆရာလက်ထောက်ဆိုတော့ အစားကောင်းစားနိုင်ပြီပေါ့။

"ပေး ပေး အဲဒါစားချင်နေတာ"

သွက်လက်တဲ့နင့်လက်က ငါ့ချဉ်ပေါင်ကိုဖြတ်လို့ ကြက်ဥထုပ်ဆီတက်သွားတယ်။

တခဏပါပဲဘူ။ သိမ်ငယ်နေတဲ့ငါ့ချဉ်ပေါင်ထုပ်ခမျာ သနားစရာမျက်နှာလေးနဲ့ ဘုတ်ဆို မြေခကြွေကျရရှာတယ်။

တတ်နိုင်သလောက်သာ ကြီးကျယ်ခွင့်ရရင် ငါလေ၊ နင့်ကိုသိုးအုပ်တောင် အမျိုးပြုတ်အောင် ကျွေးလိုက်ချင်ရဲ့။

တစ်ခါက ကြီးကျယ်မြင့်မြတ်မှုတွေ ခဝါချခဲ့တဲ့နောက်ပိုင်း ယိုင်တိုင်တိုင်ချဉ်ပေါင်ရိုးလေးချိုးပြီး တန်ခိုးကြီးဘုရားလို ကိုးကွယ်နေရတာလေဘူ။ ကြက်ဥဆိုတာ တိမ်သလ္လာပေါ်က အစေ့အစက်တစ်ခုပေါ့။

မျက်နှာပျက်နေတဲ့ငါ့ကို နင်ကပဲ အားနာသွားလို့လား မသိပါဘူးဘူရယ်။ ပြုတ်ကျသွားတဲ့ ငါ့ချဉ်ပေါင်ထုပ်ကလေး ပြန်ကောက်ပြီး

"ချဉ်ပေါင်ကြော်လဲ ငါကြိုက်ပါတယ်ပိုလီရဲ့"

ဘူရယ်။ ငါသိပါတယ်။

ဒီလိုအချိန်မှာ နင့်နှုတ်က

"ပင်လယ်ထဲမှာ ရေရှိတယ်ဆိုရင်တောင် ပြေးကြည့်ပြီးမှ ယုံတော့မယ်ဘူရယ်"

ချဉ်ပေါင်ကြော်နဲ့ ကြက်ဥကြော်၊ ချဉ်ပေါင်ကြော်နဲ့ဗယာကြော်၊ နတ်သုဒ္ဓါနဲ့ခွေးစာလောက် ကွာခြားမှန်း ငါသိပါတယ်ဘူ။





လူတိုင်းသိပါတယ်ဘူရယ်။ ဒါကိုမှ နင်က ငါ့ရဲ့ဆီမပါတဲ့ နာမည်ခံချဉ်ပေါင်ကြော်ကို နင်ကြိုက်တယ်ဆိုတာ။

"ပင်လယ်ထဲမှာ ရေရှိတယ်ဆိုရင်တောင် ပြေးကြည့်ပြီးမှ ယုံပါတော့မယ်ကွယ်"

× × ×



www.burmeseclassic.com

www.burmeseclassic.com





ဘု။

အထီးကျန်ခရီးကို လျှောက်လှမ်းရတဲ့တစ်ရက်ဟာ ကမ္ဘာမှာ အရှည်ကြာဆုံး သက်တမ်းတစ်ခုပါပဲ။ ခြေလှမ်းတစ်လှမ်းတိုင်း တစ်လှမ်းတိုင်းတောင်မှ စောင်းကြိုးပြတ်သွားသလို တုန်ခါခဲ့ပေါ့။ ညင်သာတဲ့ စကားသံကလေးကတောင် ခါးပြီလေ။

ပြုံးပျက်နေတဲ့ တံတားအိုလေး၊ ရေကန်ဘေးရှိနေသလို အသုံးဝင်မှုတွေ လျော့နည်းခဲ့ပြီ။





ဘုရယ်။

တန်ခိုးရှင်က ငါ့အားသနားခဲ့သော အကြိမ်ရေများခဲ့ပြီ။ ဒါပေမယ့် သူက အရာရာ လက်တွန့်ဖို့ဖြစ်လာတာလဲ ဖြစ်ကောင်းဖြစ်နိုင်ရဲ့။

အိမ်ယာလဲ ပြင်ပြီးမှ၊ မီးအိမ်လဲထွန်းညှိနေကာမှ ငါ့မျက်ဝန်းမှာ မျက်ရည်တွေ ရှိနေသေးရဲ့။ ငါ့ရဲ့ကမ္ဘာငယ်မှာ အထီးကျန်ခြင်း အစက်အပျောက်က အလိုကြီးထွားခဲ့ပြီ။

အေးလေ။ ခြေတစ်ဖက် ထော့နင်းထော့နင်းဖြစ်နေတဲ့ ငါ့ရဲ့ခြေလှမ်းတိုင်း နင်မလိုက်ချင်တာ အပြစ်မှမဟုတ်တာ။ ခြေတရွတ်ဆွဲအသည်းကွဲနေတဲ့ငါ့ကို နင်ပစ်ချင်ခဲ့တာ အပြစ်မှမဟုတ်တာဘုရယ်။ မွေးရာပါမသန်စွမ်းလေတော့ ခြေလှမ်းတိုင်း ပန်းမပွင့်နိုင်ဘူးပေါ့။

ဒါပေမယ့် ဘုရယ်။

နင်လိုအပ်ရင် ငါဟာ နင့်ရဲ့ခြေတော်ရင်းမှာ ဝပ်စင်းမယ့် ကော်ဇောနီလေးတစ်ချပ်ပါ။ နင်လိုအပ်ရင် ငါဟာ နင့်ရဲ့ရှေ့တော်မှောက်အခစားရောက်မယ့် ပန်းဆက်သမားလေးပါ။

အေးလေ။

နင်မလိုရင်လဲ ငါ့ကို နင့်ရင်ထဲက ဆူးတစ်ချောင်းအဖြစ် နှုတ်ယူလိုက်ပါကွယ်။

ဘုရယ်. .

ငါ့ခြေလှမ်းကိုတောင် ငါမယုံနိုင်အောင် ဝေဝါးနေတယ်။ ငါ့နှုတ်ဖျားက တေးသွားညီးဖို့မပြောနဲ့၊ စကားသံတောင် ဆိတ်သုန်းခဲ့ပေါ့ဘုရယ်။

မျက်ဝန်းထဲမှာလဲ ကြက်ဥကြော်တစ်လုံးနဲ့ ဗယာကြော်နှစ်ခု ဘာလွဲပြီး ဘာမှမသဲကွဲ။

"ငါဘာလို့ ကြက်ဥကြော်မကြွေးနိုင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြန်စဉ်းစားမိတယ်။

“အလုပ်လုပ်လို့ပေါ့ ဘုရယ်”

တောင်းစားနေရင် ဒီထက်တော့ ပိုရပါတယ်။

ဒါပေမယ့် ဘုရယ်။ ရှက်စိတ်ဆိုတာတစ်ခုနဲ့ ခြေလှမ်းတွေ တောင် မညီမညာ။

× × ×







“ဟင်”

ဘုရယ်။ နင်နဲ့ငါ့ရဲ့ဘဝကို အပြောင်းလဲကြီးတစ်ခုကို ဖြစ်ပေါ်စေမယ့် မြင်ကွင်းတစ်ခုကို ငါမြင်လိုက်ရတယ်။

ပထမတော့ ဘာမှန်းမသိပါဘူး ဘုရယ်။

အလှူပေးနေ၊ ကျွေးနေတယ်မှတ်လို့ စိတ်နာခဲ့ရတဲ့ ချဉ်ပေါင်ကြော်ကိုယ်စား အပီဝင်စားဖို့ လှမ်းလိုက်မိတာပါ။

ဒါပေမယ့် အနားရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပြန်ဘူးလေ။ ကြွိတ်ကြွိတ်တိုးလူကြား အလျှုမတွေ့၊ ပန်းကန်မတွေ့မို့ အံ့အားသင့်သွားတယ်။ ဒါကြောင့်ပဲ

"ဘာ ဘာလှူနေတာလဲဟင်"

အနီးနားကတစ်ယောက်ကို မေးမိတယ်။ အဲဒီလူကပဲ ရှင်းပြတယ်။

"မျက်စိလှူတာလေ"

"ဟင်"

"မျက်လုံးမကောင်းသူတွေကို အခမဲ့ခွဲစိတ်ကုသပေးတာ"

"ဗျာ"

ကြားရတဲ့စကားကြောင့် အံ့အားသင့်သွားရတယ်။ ပထမဆုံးသတိရမိတာက နင့်ကို၊ နောက်ထပ်သတိရမိတာက နင့်မျက်လုံးတစ်ဖက်။ တိမ်မင်းသမီးလို့ ခေါ်ရတဲ့ မင်းမျက်လုံးတစ်ဖက်၊ ဒါနဲ့ ကမန်းကတန်းပဲ။

"မျက်လုံး မျက်လုံးမကောင်းသူတွေအားလုံးကို အခမဲ့ကုသပေးတာပဲလား၊ ဟင် အားလုံးကိုလား"

အဲဒီလူက ငါ့ကိုပြန်ကြည့်တယ်။

"အားလုံးပေါ့ ဘယ်သူမဆို"

"ဟာ"

ငါ့ရဲ့ရင်ဝဆောင့်တက်လာတဲ့ ဝမ်းသာလုံး။ နောက် သိမ်နေတဲ့ခြေတစ်ဖက်နဲ့ ဖျတ်ခနဲပြန်လှည့်မိတယ်။

နောက်. .

× × ×







ရေသည်ပြဇာတ်ထဲက အမောင်ရေသည် နေပူပူ၊ လေပူပူမှာ ဘယ်လောက် ဖုန်ထသည်ထိ ပြေးလွှားခဲ့လဲ ငါမသိပါဘူးဘု။ ဒါပေမယ့် ငါ့ရဲ့ပြေးနေတဲ့ခြေလှမ်းက သူ့ထက်တော့ လျော့မယ်မထင်ဘူး။

နင်ဟာ ငါ့မျှော်လင့်ချက်ဖြစ်ပြီဘု။ ဘာကြောင့်လဲဆိုတော့ နင့်မျှော်လင့်ချက်က ငါ့မျှော်လင့်ချက်မို့ပါ။

ငါ့ရဲ့ခြေလှမ်းတိုင်းက မြေပုံမလိုဘဲ နင့်ဆီဦးတည်နေတယ်။ နင်နဲ့ငါက ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မလိုဘဲ စိတ်နဲ့ဆက်သွယ်လို့ရတယ်။

နင်ဘယ်မှာရှိနေလဲဆိုတာ ငါအလိုလိုသိတယ်ဘု။

နင် ဒီအချိန်မှာ အလုပ်ထဲမှာပဲ ရှိမှာကို။ ငါ့ခြေလှမ်းတွေက အလိုလို နင့်ဆီကို။

"ဘု ဘု"

ခပ်ဝေးဝေးကတည်းက အော်သံကျယ်ကျယ်ကြောင့် နင်အပါအဝင် အားလုံး ငါ့ကိုကြောင်ငေးကြည့်ကြတယ်။

"ဘု ဘုရေ"

ခေါင်းပေါ်မှာ တဘက်တစ်ခုနဲ့ မဆလာ(ကွန်ကရိ)ဗန်းလေး တင်ထားတဲ့ငါ့ကို နင်က ကြောင်ငေးကြည့်တယ်။

ထုံးစံအတိုင်းပါပဲ။ တိမ်စွဲနေတဲ့မျက်လုံးကို ဆံပင်တစ်ဖက်ဖုံးလို့။

ငါကသာ မနေနိုင် မထိုင်နိုင် အပြေးအလွှားသွားလို့။

"ဘု ဘု အမြန်လာ"

နင့်လက်ကို အတင်းဆွဲခေါ်လေတော့

"အို အမေ့"

အာမေဋိတ်သံ။ ခလွမ်းခနဲကျသွားသော မဆလာဗန်း။

"အမြန်လာ အမြန်လာဘု"

"ဟင် နင် နင် ဘာလုပ်တာလဲ၊ ဘာလုပ်တာလဲ"

နင့်ရဲ့ငြင်းဆန်သံ။

"အရေးကြီးလို့ပါဟာ အမြန်လာ"

"ဟာ ဒီကောင် ကဲဟာ"

"ဖြန်း"

ပါးပြင်ပေါ် ကျလာသော နင့်ရဲ့လက်တစ်ဖက်။

မယုံနိုင်စရာ ကိုယ့်ပါးကိုယ် အုပ်ကိုင်ပြီး ပါးစပ်အဟောင်း





သားနဲ့ ကြည့်မိတယ်။ လူတွေကြားမို့ နင်ရှက်သွားတာများလား။ မဝေခွဲနိုင်။

နင်က ခါးထောက်ပြီး ဒေါသသံနဲ့

"နင်ဘာဖြစ်နေတာလဲ ပိုလီ"

"ဟာ ဒီကောင် လူကြားထဲ ဘာလုပ်ါးဝတာလဲ၊ ကဲကွာ"

"ခွပ်"

ထပ်မံပြေးဝင်လာသော ငမွန်းလက်သီး။

လူက ယိုင်ပြီး လဲကျသွားတယ်။ ဘာပြောရမလဲ။ ဘာဖြစ်ခဲ့မှန်း ရုတ်တရက်သတိမထားမိ။ နှုတ်ခမ်းထောင့်က သွေးစ။ ဒေါသလဲ မထွက်အားပါဘူး။ ဝမ်းသာစိတ်က ရင်ထဲလှိုက်လို့။

အဲဒီတော့မှ သတိပြန်ဝင်ပြီး

"နင့်အတွက်ပါဘု၊ နင့်အတွက်ပါ လာ အမြန်လာ"

နာကျင်တာကိုတောင် အမှတ်မထားနိုင်ဘူးဘု။ နင့်ရဲ့လက်ကို ထပ်ဆွဲပြီး အပြေးအလွှား ထွက်ခဲ့မိတယ်။ အားလုံးက ငါတို့ကို ကြောင်ကြည့်နေမှာ သေချာတယ်။

"ဟဲ့ ပိုလီ၊ ငါပြောနေတယ်၊

> နင်က
> တစ်လုံးတည်းကောင်းတဲ့
> မျက်လုံးနဲ့
> ငါ့ကို ကြည့်ပြန်တယ်။
> ငါကသာ
> ဘာမှမဖြစ်ဟန်နဲ့



www.burmeseclassic.com

www.burmeseclassic.com



လွှတ်လေ လွှတ်"

ငါမလွှတ်နိုင်တော့ဘူးဘု။ ဒါဟာ နင့်ဘဝရဲ့ အရေးအကြီးဆုံးအစိတ်အပိုင်းမို့ ငါလုံးဝကို လက်လွှတ်မခံနိုင်တော့ဘူး။ နင့်ဘဝကို ငါ အရောင်တင်ပေးဖို့ လိုပြီလေ။

"မြန်မြန်လာ မြန်မြန်လာ ဘု"

ဘုမသိ ဘမသိနဲ့ ငါဆွဲခေါ်ရာနောက် လိုက်ရှာတဲ့ဘု။ ငါလဲ ဘာမှမဆင်ခြင်နိုင်တော့ပါဘူး။ ခုနက တိုးဝှေ့နေတဲ့လူကြားထဲ တိုးဝင်ပြီး

"ဆရာမ ဆရာမ သူ့မျက်လုံးပြမလို့"

ထိုင်နေတဲ့ ဆရာမနား ဆွဲခေါ်သွားပြီး ကမန်းကတန်းပြောလိုက်တယ်။

"ဟဲ့ အို ဘယ်လိုဖြစ်နေတာလဲ"

"နင်ဘာလုပ်နေတာလဲပိုလီ၊ ငါရှက်တယ်နော်"

နင့်နှုတ်ဖျားက ရှက်တယ်ဆိုတဲ့စကား ဒုတိယံပိကြားရခြင်းပါပဲ။ ငါကတော့ ဂရုမစိုက်နိုင်ဘဲ

"ဆရာမ ဆရာမ သူ့မျက်လုံးလေး"

ဆရာမက ညင်သာစွာပဲ

"ဟုတ်လား သမီးမျက်လုံး ပြစမ်း"

ဆရာမရဲ့စကားကို နင် ခေါင်းငုံ့နေတယ်။ ငါကပဲ မနေနိုင်ဘဲ

"သန်းဘု ပြလိုက်လေ၊ နင့်မျက်လုံးကို"

နင်က မပြချင်ပြချင်ဘဲ ဆံပင်ကိုလှပ်လို့ တိမ်စွဲနေတဲ့မျက်လုံးပြလိုက်တယ်။

"ဟယ်"

ဆရာမရဲ့ အာမေဍိတ်သံ။ ပြီးတော့ ကမန်းကတန်းထပြီး





"လာ လာ စမ်းသပ်ကြည့်မယ်"

ဆရာမက နင့်ကို လက်ဆွဲခေါ်ပြီး စမ်းသပ်တယ်။

ကောင်းတဲ့မျက်စိကို တစ်ဖက်မှိတ်စေပြီး ဓာတ်မီးလေးနဲ့ထိုးကာ

"မြင်ရလား သမီးကြည့်စမ်း"

ရှက်ရွံ့စွာ ခေါင်းညိတ်ပြတာ ငါမြင်တယ်။ ဆရာမက သက်ပြင်းချရင်း

"တော်သေးတာပေါ့ သမီးရယ်၊ အချိန်မီသေးလို့ပဲ၊ ရော့ရော့ ဒီဖောင်ဖြည့်ခဲ့"

ဆိုကာ စာရွက်တစ်ရွက် ကမ်းပေးတယ်။ နင်က စာရွက်ကလေးယူပြီး ငါ့ဆီပြန်လာခဲ့တယ်နော်။ အနားရောက်မှ

"နင် နင် ဘာတွေလုပ်နေတာလဲ ပိုလီ"

နင့်အမေးကို ငါကပဲ

"နင့်မျက်လုံးကိုကောင်းအောင် ပြန်လုပ်ရမယ်လေ"

နင် ခေါင်းကုတ်လိုက်တယ်။ စိတ်ပျက်ဟန်နဲ့

"အမေတို့ စိတ်ဆိုးမှာပေါ့"

"ဟင် ဘာဖြစ်လို့လဲ"

"မျက်လုံးကုရင် အလုပ်နားရမှာပေါ့၊ အလုပ်နားရင် ဘယ်သူထမင်းကျွေးမလဲ"

ငါလဲ နင့်နည်းတူ သက်ပြင်းလိုက်ချပြီး

"ငါကျွေးပါ့မယ်ဘုရယ်၊ ဘာမှမပူပါနဲ့၊ နင့်ကိုငါကျွေးထားပါ့မယ်"

နင်က တစ်လုံးတည်းကောင်းတဲ့မျက်လုံးနဲ့ ငါ့ကို ကြည့်ပြန်တယ်။ ငါကသာ ဘာမှမဖြစ်ဟန်နဲ့

"ပြစမ်း၊ ဒီစာရွက်က ဘာတွေလဲမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ ဘာတွေလဲမသိဘူး။ ငါတို့တွေက စာမှ မတတ်တာဘူရယ်။ ဒါကြောင့်ပဲ

"ဟိုကောင်ငမွန်းက စာနည်းနည်းတတ်တယ်၊ ငါတို့သွားမေးရင် မကောင်းဘူးလား"

နှင်ခေါင်းညိတ်ခဲ့လား၊ ခေါင်းခါခဲ့လား၊ ငါမမှတ်မိတော့ပါဘူးဘု။

× × ×







စောင့်ရတဲ့ခဏ တစ်ဘဝစာလောက်ပါပဲ။

ငမွန်းက စာရွက်ကို အသေအချာကြည့်တယ်။ မျက်မှောင်ကြုတ်ပြီး

"အမည်တဲ့"

အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြတယ်။

"အမည်ဆိုတာ ဘာလဲ"

ငါ့ရဲ့အမေးကို ငမွန်းက ခေါင်းကုတ်ပြီး

"မင်းတို့တွေ အသံမြည်လား မမြည်လား မေးတာဖြစ်မယ်"

ဒါကို ငါကပဲ ပညာတတ်ကြီးလုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"အ,နေတာမှ မဟုတ်ဘဲ၊ အမည်လို့ ပြန်ပေးလိုက်ပေါ့"

"ဟုတ်ပြီ၊ အမည်"

ငမွန်းက ရေးတယ်။

"အဲ နောက်တစ်ခုက အသက်တဲ့"

"အသက်"

"အေးလေ၊ အသက်ကိုမေးတာ"

"ဒါဆိုလဲ 'ရှိသေးတယ်'ပေါ့ကွာ"

"အေး ဟုတ်ပြီ"

"နောက်တစ်ခုက မပုတင်အမှတ်တဲ့"

"မပုတင်က ဈေးရောင်းနေတာလေ"

"အေး မပုတင်ဈေးရောင်းတာတော့ သိတယ်၊ သူ့အမှတ်က ဘယ်နားလဲ"

"တင်ပါးမှာထင်တယ်"

"ဟုတ်သည်ရှိ မဟုတ်သည်ရှိ တင်ပါးပေါ့ကွာ"

"နောက်တစ်ခုက နေရပ်လိပ်စာတဲ့"

"နေရပ်လိပ်စာ"

အားလုံး တစ်ယောက်ကိုတစ်ယောက် ပြန်ကြည့်မိတယ်။ ကိုယ့်ရဲ့ နေရပ်လိပ်စာ ကိုယ်ကိုယ်တိုင်မှ မသိတာ။ ဒါနဲ့ ခေါင်းကုတ်ပြီး

"မသိပေါ့ကွာ"

"အေး မသိ"

"ကဲ ဒါဆိုပြည့်စုံပြီ၊ လာ ဆေးခန်းပြန်သွားရအောင်"

ငါတို့ခြေလှမ်းတွေ သွက်ခဲ့တယ်။

× × ×







| | |
|---|---|
| အမည် | -အမည် |
| အသက် | -ရှိသေးတယ် |
| မှတ်ပုံတင်အမှတ် | -တင်ပါးမှာ |
| နေရပ်လိပ်စာ | -မရှိ |

ဆရာဝန်မက ငါတို့ဖြည့်ထားတဲ့ စာရွက်ကိုကြည့်ပြီး

"ဟာ ဘာတွေလျှောက်ရေးထားလဲ၊ ဒါတွေမဟုတ်ဘူးလေ၊ အမည်ဆိုတာ နာမည်ကိုမေးတာ၊ နာမည်က"



www.burmeseclassic.com

www.burmeseclassic.com



"သန်းဘု"

ဒီတော့မှပဲ ရှင်းတော့တယ် ဘုရယ်။

"အသက်ကရော"

"ရှိ ရှိပါတယ်"

"ရှိတာကိုမေးတာမဟုတ်ဘူး၊ ဘယ်နှနှစ်လဲမေးတာ၊ ဒုက္ခပဲ"

နင်ကင်ငါ့ကိုပြန်ကြည့်တယ်။ ငါတို့အားလုံး ဇဝေဇဝါ။ တို့အသက်တွေ ဘယ်လောက်ရှိလို့ရှိမှန်းမှ မသိခဲ့တာ။

"ဆရာမရယ်"

"ကဲ ကဲ ခန့်မှန်းပဲထည့်လိုက်မယ်၊ ဆယ့်ရှစ်နှစ်ပေါ့ ဟုတ်ပြီလား"

"ဟုတ် ဟုတ်ကဲ့"

"နေရပ်လိပ်စာက"

တစ်ယောက်ကိုတစ်ယောက် ပြန်ကြည့်မိတယ်။ ဆရာမက သက်ပြင်းချပြီး

"သာကေတလို့ပဲ ထည့်လိုက်မယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့၊ ကျေးဇူးပါပဲ ဆရာမရယ်၊ ကျေးဇူးပါ"

× × ×







ချစ်သူဆိုတာမျိုးရယ်၊ ရှက်တတ်မှ လှပါတယ်ကွယ်။ ငါ့ဘဝလေး ဒီနေ့ကျမှ ဘာကြောင့်ပျော်ရွှင်စွာ တုန်လှုပ်နေမိပါလိမ့်။

အလုံးစုံသော တေးသွားများကို သယ်ဆောင်လာသော စိမ့်စမ်းရေလို ငါ့ကိုယ်ထဲ ပျော်ရွှင်မှုများစီးရဲ့။ လျှပ်ပြက်သလို လှိုက်ခနဲ ဖန်ဆင်းမှုရဲ့ ကြီးမြင့်ပုံကို မြင်ရတဲ့ အခါ အဓိပ္ပာယ်မဲ့စွာ ကုန်လွန်ခဲ့တဲ့ ကာလကို နှမြောပါရဲ့ကွယ်။ နင့်ရဲ့လက်ထဲ ငါ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ကို မြင်ရတဲ့အခါ ငါ့ရဲ့လိုက်လျောမှုတွေကို နင်သိုးကျောင်းသလို ကျောင်းခဲ့သလိုမျိုး။

ဘာပဲဖြစ်ဖြစ်ပေါ့ဘု။ မျက်ဝန်းတစ်ဖက်၊ ပတ်တီးအဖြူကလေးနဲ့နင့်ကို မြင်လိုက်ရတာဟာ မေတ္တာတရားကို ယုံစားလိုက်သလိုမျိုး ယုံစားမိလေရဲ့။

ဒါပေမယ့် ဘုရယ်။ လောကဆိုတာ ကိုယ်ထင်သလိုမှ မဖြစ်ခဲ့တာ။ နင့်မေမေဒေါ်ငွေးက ငါ့အိမ်ပြေးလာပြီး ဆူဆဲသွားတာ အသည်းတကာက ကြားနေဆဲပါ။

"ဟင် ဒေါ်ချို၊ ရှင့်သား ရှင့်သားပိုလီရော ဘယ်မှာလဲ"

"ဘာလဲဟဲ့ ခေတ်ပျက်သူတောင်းစားမ၊ ဘာကိစ္စလဲ"

"ဘာကိစ္စရမှာလဲ၊ ရှင့်သား ရှင့်သား ကျွန်မသမီးရဲ့ထမင်းအိုးကို ရိုက်ခွဲလိုက်ပြီ၊ ရိုက်ခွဲလိုက်ပြီ၊ အဲဒီကိစ္စ ဘယ်လိုရှင်းမလဲ"

"ဘာ ဘာပြောတယ်"

"အောင်မလေး၊ ကျွန်မတို့က ရှင်တို့လို ဆွေကြီးမျိုးကြီး သူတောင်းစားမဟုတ်ပါဘူး၊ ဒါပေမယ့် သမီးလေးအနာခံပြီး ရထားတဲ့ ဒက်ရာလေးနဲ့ လုပ်စားနေရတာပါတော်၊ အခုတော့ ရှင့်သားက ကျွန်မသမီးကို ခေါ်သွားပြီး မျက်လုံးကိုကုပေးလိုက်လို့တဲ့၊ ကဲ ဒါ ကျွန်မသမီးထမင်းအိုးကို ရိုက်ခွဲလိုက်တာမဟုတ်လား၊ သူတောင်းစားမျိုးရိုးကြီးရဲ့"

"ဟင်"

"အခု ကျွန်မသမီးမျက်လုံးကောင်းသွားရင် အသက်ကြီးတဲ့အခါ ဘယ်လိုလုပ်ရမှာလဲ၊ တစ်သက်လုံးမွေးလာတဲ့ တိမ်လေးပါတော်၊ အခုတော့ တော့်သားပိုလီ လေအဟပ်မှာ တိမ်ပျက်ရပြီ၊ ဟီး"

"ဟဲ့ လူတွင်ပါလို့ နွားကျားကိုက်တာ ငါ့သားကိုပဲ အပြစ်မတင်နဲ့"





"နှမ်းနဲ့ပေါင်းလို့ ရောအတောင်းခံရတာလဲ ပြောပါဦး"

"ရှဉ့်လဲလျှောက်သား၊ ပျားလဲစွဲသာ သဘောမျိုးလဲပြောဦး၊ ငါ့သားချည်း အပြစ်မတင်နဲ့"

"ဖုံလုံတစ်လှည့်၊ ငါးပျံတစ်လှည့်ပါအေ၊ နင်တို့ခေတ်ကောင်းတုန်းလုပ်ထားပေါ့"

နင့်အမေလေ။ အိမ်လာပြီး ကြိမ်းမောင်းသွားလိုက်တာဘုရယ်။ ငါ့မှာလေ နေစရာနေရာတောင် မရှိဘူး။ ဒါပေမယ့်လေ နောက်ဆုံးမေးခွန်းတစ်ခုကို ငါမခံနိုင်ဘူး။

ဒါပေမယ့် ဘုရယ်။
ငါဟာ နင့်ရဲ့သူရဲကောင်း
မဖြစ်ရင်တောင်
နင့်ရဲ့
ပွဲမက်တော်ပေါ့။

"ကဲ နောက်ဖြစ်တွေထားဦး၊ အခု ကျွန်မသမီး ဆေးကုစဉ်ကာလ ဘယ်သူရှာကျွေးမှာလဲ"

"ကျွန်တော်ကျွေးမယ် ဒေါ် ဒေါ်"

"ဘာ"

"ဘယ်လို ငါ့သား"

ငါ့စကားကြားတော့ အားလုံးအံ့အားသင့်သွားတယ်။ အမှန်တော့ နင့်အမေမေးလိုက်တဲ့မေးခွန်းက နှစ်ဆက်သား ထဘီနံကြားကပ်အောင် နပန်းလုံးပြီးမှ ပြီးမယ့်အနေအထားပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်ဘုရယ်။ ငါဟာ နင့်ရဲ့သူရဲကောင်းမဖြစ်ရင်တောင် နင့်ရဲ့ ဖွားဖက်တော်ပေါ့။

"ဟုတ်တယ်၊ ကျွန်တော်ကျွေးထားမယ်၊ ဘုအတွက် ကျွန်တော် အစစအရာရာ တာဝန်ယူမယ်"

"ဘယ်လို ငှါသား၊ မင်းက သူ့သမီးအတွက်ပါ တာဝန်ယူမယ်၊ ဘယ်လိုတာဝန်ယူမှာလဲ"

"ကျွန်တော် အလုပ်ကို နှစ်ဆလုပ်မယ်မေမေ"

မေမေက သိမ်နေတဲ့ငှါခြေထောက်ကို တအံ့တဩပြန်ကြည့်တယ်။

"ဟင် ဒီခြေထောက်နဲ့ငှါသား၊ အမေ့အမွေခြေထောက်နဲ့ငှါသား"

ငါရင်ကော့မိတယ်ဘု။

"ဟုတ်တယ်မေမေ၊ ဒီခြေဒီလက်နဲ့ပဲ ဘုအတွက် စရိတ်တာဝန်ယူမယ်"

"မေမေ မေမေ့မှာ နှလုံးရောဂါနဲ့နေ်သား၊ အား ပြောရင်းဆိုရင်း အမေမူးတယ် မေမေမူးတယ်"

"မူးမှာပေါ့မေမေ၊ မေမေခိုးသောက်နေတာ တစ်ပိုင်းကျော်နေပြီပဲ"

"ဟင် အဲလိုလား၊ ဟီးဟီး သောက်ကောင်းကောင်းနဲ့ သောက်နေတာ၊ အဲ မေ့လို့"

"မမေ့ပါနဲ့မေမေ၊ မေမေတစ်ပိုင်းကုန်လို့ နောက်တစ်ပိုင်းတောင် လှမ်းနေပြီပဲ၊ အဲ ဘယ်ရောက်ကုန်ပြီလဲ၊ ဩော် သိပြီ၊ ဘုအတွက်ဆို ကျွန်တော် အသက်ပင်သေသေ မေမေ"

ကိုယ့်စကားကို မေမေက သူ့နားထင်သူထောက်ပြီး

"မေမေမူးတယ်၊ မေမေမူးတယ်"





ဆိုပြီး အခန်းထဲပြေးဝင်သွားတယ်။ ငါသိတယ်ဘု၊ သူလက်ကျန်သွားရှာမှန်း။

ဒါပေမယ့်ဘုရယ်။ အပြောလွယ်သလောက် အလုပ်ခက်တဲ့လောကကြီးမှာ နင်နဲ့ငါက နွမ်းလျငြိမ်သက်နေတဲ့ နုပျိုခြင်း။

နင်နဲ့ငါဟာ သောကကို ဖြေဖျောက်နိုင်တဲ့ ဟောင်းနွမ်းနေပေမယ့် သစ်လွင်ဆဲသံစဉ်။

နင်နဲ့ငါဟာ ဘဝတစ်ခုပေါ့။

× × ×



www.burmeseclassic.com

www.burmeseclassic.com





တစ်ဆယ်နဲ့ငါးနဲ့ပေါင်းတော့ ဆယ့်ငါးတဲ့။ မဟုတ်သေးဘူး။ အဖြေက သုံးနာရီ။

ဒီလိုတွက်ကြည့်ရအောင် ဆယ်နာရီမှာ ငါးနာရီပေါင်းတော့ အဖြေက သုံးနာရီပေါ့။

ငါ့ရင်တံခါးကို လာလာခေါက်တဲ့ သုံးနာရီက ငါတို့နှစ်ယောက်ပေါင်းမှ ကောင်းတဲ့ခြေသုံးချောင်းပါပဲဘု။

ဒါပေမယ့်ဘု။ မပြည့်စုံတိုင်းသာ ပျော်ရွှင်မှုမရရင် ကမ္ဘာလောကကြီးမှာ ဘယ်သူ





ကများ ပျော်နိုင်မှာလဲ။ သာယာကြည်နူးမှု အပေါင်းကို ဘဝတစ်ခုလုံး စုဆောင်းဖို့ဆိုတာ ဖြစ်မှမဖြစ်နိုင်တာ။ ဘဝဆိုတာ လိုသလောက် မရတတ်ပါဘူး။

ဒါပေမယ့်လေ။

လူဆိုတာ ရသလောက်လိုချင်ကြတာချည်းပဲပေါ့။ ငါဆိုရင်လေ. .

"အုတ်တစ်ပုံလုံး သုံးထောင်ပဲပေးပါ"

"ဘာ ဒီအုတ်ပုံကြီးကို"

"ဟုတ်"

ကိုအောင်ကြိုင် အံ့အားသင့်နေတယ်။ နေ့စားဆိုရင်တောင် နှစ်ထောင်ရပြီး ခိုချင်သလိုခိုပြီး ဒီအုတ်ပုံကြီးကို သုံးရက်လောက် သယ်နေကြတာကိုး။

"ပိုလီ ဘာစိတ်ကူးတွေပေါက်နေတာလဲ ဒါကြီးကို"

"ကိုအောင်ကြိုင်ရယ် ခိုင်းစမ်းပါ။ ကျွန်တော်ငွေလိုလို့ပါဗျာ"

ကိုအောင်ကြိုင် ခေါင်းကုတ်တယ်။

"လုပ်ပါဗျာ၊ ကျွန်တော်လုပ်နိုင်ပါတယ်"

ကိုအောင်ကြိုင် သက်ပြင်းချပြီး

"အေးကွာ၊ မင်းလုပ်နိုင်ရင်လုပ်ပေါ့၊ တအားလဲ မလုပ်ပါနဲ့ကွာ၊ မင်းခြေထောက်နဲ့က"

"စိတ်ချ စိတ်ချပါဗျာ၊ စိတ်ချပါ"

ဘု။

အချစ်စိတ်ကသာ တွန်းအားတစ်ခုဖြစ်ရင် ခပ်ဝေးဝေးက သူမ်းကြည့်နေတဲ့ ပတ်တီးအဖွေးသားနဲ့နင်ဟာ ငါ့ကို မီးလောင်လွယ်စေပါတယ်။

မေတ္တာတရားကို နိုးကြားစေဖို့ ရိုးရှင်းသောသီချင်းတစ်ပုဒ်



www.burmeseclassic.com

နှလုံးအိမ်ကို ဖြတ်သန်းသွားတဲ့ ဂီတသံပါပဲ။

ခွက်ထဲမှာ ပန်းကလေးရှိနေတဲ့နောက် တခြားပန်းတစ်ပွင့်ကို ခူးဖို့လိုပါတော့မလား။ ရောင့်ရဲလွယ်တဲ့ငါဟာ ပန်းတစ်ပွင့်ပေါ်မှာပဲ လောဘတက်ပါရစေတော့။

အိမ်မှာနေရင် မိဘများက သမီးမိုက်အဖြစ် ဆူပူတဲ့ဒဏ်ကို မခံနိုင်တဲ့ နင်တစ်ယောက် ငါ့နောက်လိုက်နေရတာကိုက ငြိမ်းချမ်းခြင်းအတွက် နှင်းတစ်စက်ပါ။

ငါ့ကိုယ်ပေါ်က ချွေးစက်တွေက နင့်ရဲ့တစ်ဖက်တည်းသောမျက်ဝန်းပေါ် မျက်ရည်စဖြစ်ခဲ့ရင်၊ ငါတောင်းပန်ပါတယ်ဘု။ တည်တံ့ခိုင်မြဲတယ်ဆိုတာ ဖုံးကွယ်မထားတဲ့မေတ္တာတရားကြောင့်လို့ ငါယုံကြည်နေသရွေ့ နင့်မျက်ဝန်းပေါ် မျက်ရည်စတွေ မမြင်ပါရစေနဲ့ကွယ်။

"ပိုလီရေ ထမင်းစားနားဦးဟ"

"ဟုတ် ဟုတ် ကိုအောင်ကြိုင်"

နဖူးကချွေး ခပ်ကြမ်းကြမ်းသုတ်ပြီး နင့်အနားပြေးသွားမိတယ်။ ခန္ဓာကိုယ်က နုံးချိနေပေမယ့် နှလုံးသားကလန်းတယ်။

"ဆာနေပြီလားဘု"

ငါ့အမေးကို နင်က

"နင်ဆာနေမှာပဲစိုးတယ်"

"ရပါတယ်ဟာ"

နှစ်ယောက်အတွက်ထုတ်လာတဲ့ ထမင်းထုပ်ကို တစ်ယောက်တစ်ထုပ် ဖြုတ်ယူလိုက်တယ်။

"ထုံးစံအတိုင်းပေါ့ဟာ"

ချဉ်ပေါင်ကြော်လို့ အမည်သညာပေါက်တဲ့အထုပ်ကို ဖွင့်ကြရပြန်တယ်။ ဒီအချိန်မှာပဲ





"သန်းရေ"

ခေါ်သံကြားတော့ တွန့်မိတယ်။

ဟိုကောင်ငမွန်း။ စပ်ဖြဲဖြဲမျက်နှာနဲ့

"ဒီမှာ နင့်အတွက် ငါးခြောက်ကြော်ထည့်လာတယ်"

ဟုတ်ပ။ ငါးခြောက်ကြော်။ ငါးနီတူလို့ခေါ်တဲ့ ငါးခြောက်ကြော်။ နင်စားချင်မှန်း ငါသိပါတယ်။

ဒါပေမယ့်

"မစားတော့ဘူး၊ ရတယ်၊ ပိုလီဆီက ချဉ်ပေါင်နဲ့ပဲ"

ငမွန်းက နှုတ်ခမ်းစူပြီး

"ဟွန်း သန်းလေးကလဲ ကိုယ်က စေတနာနဲ့ကျွေးတာပါ၊ ဆေးခန်းသွားတာတောင် ဖောင်တွေကိုယ်ဖြည့်ပေးတဲ့ဟာကို"

"အောင်မာ ဘာဖြည့်ပေးတာလဲ၊ သောက်တလွဲတွေချည်း ရေးလွှတ်လိုက်တာကို"

ငါ့စကားကြောင့် ငမွန်းမျက်နှာပျက်သွားတယ်။ နောက် ငါ့ကိုစိုက်ကြည့်ပြီး

"ဟေ့ကောင် ထော့ကျိုး၊ မင်း

ငါ ငါ ကြိုးစားပါ့မယ်ဟာ။
ဒီအလုပ်နဲ့ မနီးမဝေးမှာ
ဘောကုတ်သည်တွေ
ငါတွေ့ထားတယ်၊
နင့်ကို
နတ်သမီးတမျှလှအောင်
ငါဆင်ပေးပါ့မယ်ဟာရယ်

www.burmeseclassic.com



ကိုမပြောဘူး၊ ငါက ငါ့ရဲ့သန်းလေးကိုပြောနေတာ"

"ဟော့ကောင် ငါ့ကို ထော့ကျိုးလို့ မခေါ်နဲ့ကွ၊ ငါ့နာမည် ပိုလီ၊ ပိုလီလို့ပဲခေါ်"

"ခေါ်တော့ဘာဖြစ်လဲ၊ ထော့ကျိုး ထော့ကျိုးခေါ်တယ်ကွာ"

"အာ ဒီကောင်"

"တော် တော်ပါတော့ဟာ"

ဒေါသကို ဘယ်လိုထွက်ရမှန်း မသိပေမယ့် နှင့်အသံနဲ့ထိန်းတယ်။

"ပေး နှင်စားစေချင်ရင် ငါစားမယ်"

"ပိုလီကို မကျွေးနဲ့"

"အေးပါ မကျွေးဘူး"

ငါးခြောက်ထုပ် မျက်လုံးရှေ့ ဖုတ်ခနဲ ပြုတ်ကျလာတယ်။ နှင်က ငါးခြောက်ထုပ်ဖွင့်ပြီး

"ပိုလီ စားလေ"

"ငါတို့တွေက သူများမသထာရင် မစားဘူး"

သူတောင်းစားမာနကို နှင်လေးစားရမယ်ဘုရယ်။

နေကပြင်းပေမယ့် နှင်ရှိနေတော့အေးရဲ့။ ကျောကပူပေမယ့် နှလုံးသားက အေးရဲ့။

"စားလေဘု၊ စားမကောင်းလို့လား"

နှင်ငါ့ကိုကြည့်တယ်။ တစ်ခုခုကို စိတ်ညစ်နေပုံ။ နှင်စိတ်ညစ်နေရင် ငါမနေတတ်ဘူးဘု။

"ငါ ငါလေ"

ငါ နှင့်စကားသံကို နားစွင့်နေမိတယ်။

"ငါ ငါ အိမ်မပြန်ချင်တော့ဘူး ပိုလီ"

"ဘာ"





နှင့်စကားကြောင့် ငါအံ့အားသင့်သွားတယ်။

"နှင် နှင် ဘာပြောလိုက်တယ်"

ငါ့အမေးကို နှင်က ရှက်ကိုးရှက်ကန်းနဲ့

"ငါအိမ်မပြန်ချင်တော့ဘူးလို့ ပြောတာလေ"

ငါစဉ်းစားကြည့်တယ်။ ဇဝေဇဝါ။ နှင်ဘာကြောင့်ပြောလဲ မစဉ်းစားတတ်။ ဒါကြောင့်ပဲ

"နှင် အိမ်မပြန်ချင်ဘူး"

"ဟုတ်ပါတယ်ဆို"

"နှင်တို့ ငါတို့က အိမ်ရှိလို့လား"

"ဟင်"

ငါ့စကားကြောင့် နှင်ကြောင်သွားတယ်။ ပြီးတော့ အကြာကြီး ငါ့ကိုစိုက်ကြည့်ကာ

"ဟင် ဟုတ်သားပဲ၊ တို့က ပြန်စရာအိမ်က ရှိမှမရှိတာ"

အစကတည်းက အမှိုက်ပုံကြီးတစ်ခုဘေး လေးတိုင်စင်ထောင်ပြီး အဖီဆွဲနေကြတာလေ။ ဘယ်မှာလဲ အိမ်ဆိုတာ။ အဲဒါကို အိမ်လို့ ခေါ်ရမလားဘု။

အိမ်မရှိတဲ့သူက အိမ်မပြန်ချင်ဘူးဆိုတော့ ဘယ်လိုပြောရမှာလဲပေါ့နော်။

"ငါလေ သိလား"

နှင့်ဆီက စကားအဆန်းတွေ ငါနားစွင့်နေဆဲ။

"မျက်လုံးပြန်ကောင်းရင် ကေတီဗီမှာ အလုပ်သွားလျှောက်တော့မယ်"

"ဟင်"

နှင့်ရည်မှန်းချက်ဆီ နှင်ရောက်အောင်သွားတော့မှာပေါ့ဆိုလာဘု။ ဘုရယ်။ နှင့်ရဲ့စကားတွေက နားမလည်နိုင်အောင် နက်နဲ



www.burmeseclassic.com

www.burmeseclassic.com



လွန်းပါတယ်။

ချိန်းထားတဲ့နေရာကို ငါမပါဘဲ နှင်ထွက်သွားတော့မှာပေါ့လေ။

“ဒေါ်မြရွှေကြီးကလေ ကေတီဗီပွဲစားဂျော်နီ(ကျောက်မြောင်း)ကို သူကိုယ်တိုင်လိုက်အပ်ပေးမယ်တဲ့”

ဘုရယ်။

ဖုန်တထောင်းထောင်းထအောင် လျှောက်ခဲ့တဲ့ တို့ရဲ့ လမ်းဟောင်းက နှင်တကယ်ပဲ သွေဖယ်တော့မှာပေါ့။

နှလုံးသားက ချည်နှောင်ထားတဲ့ရွှေခြည်၊ ငွေခြည်သံယောဇဉ်ကြိုးကို နှင်တီးခတ် သရဏွှယ်ပြီးတော့ နှင်ထွက်သွားတော့မှာပေါ့ဘု။

ထာဝရဆိုတဲ့စကား မတည်မြဲတာ ငါယုံပါပြီ။

“အဲ အဲဒါလေ၊ ငါ့မှာ အဝတ်အစားက မရှိတော့”

“ငါ ငါ ကြိုးစားပါ့မယ်ဘု၊ ဒီအလုပ်နဲ့ မနီးမဝေးမှာ ဘေထုတ်သည်တွေ ငါတွေ့ထားတယ်၊ နှင့်ကို နတ်သမီးတမျှလှအောင် ငါဆင်ပေးပါ့မယ်ဘုရယ်”

“ကျေး ကျေးဇူးတင်လိုက်တာ ပိုလီရယ်”

နှင့်ရဲ့စကားသံ ရင်ထဲက လှိုက်ပါလာတာ ငါသိပါတယ်ဘု။ လောကကောင်းကျိုးအတွက် နှင့်ရဲ့ခြေသံလေး နားစွင့်နေရရင်ပဲ ငါကျေနပ်ပါပြီ။

နှင်နဲ့တစ်ပါတည်း သယ်ဆောင်သွားမယ့် အိပ်မက်ရဲ့တစ်ထောင့်တစ်နေရာမှာ အစက်အပျောက်အဖြစ် ငါပါဝင်ခဲ့ရင်ပဲ ကျေနပ်ပါပြီဘုရယ်။

ငါ့ရဲ့ချွေးစက်တွေ အခုထိ မခြောက်သေးပါဘူးဘု။ နှင့်ရဲ့လိုအပ်ချက်အတွက် ကျရတဲ့ချွေး မခြောက်သေးပါဘူး။





“ငါကေတီဗီသွားရင် နှင်ကရော”

ငါသက်ပြင်းချတာ နှင်မမြင်စေချင်ဘူး။

ဒါပေမယ့်ကွယ်

“အင်း ငါလဲ စပယ်ယာလိုင်စင်လျှောက်ဖို့ ကြိုးစားရမှာပေါ့”


× × ×



www.burmeseclassic.com

www.burmeseclassic.com





ဘယ်ကာလကစတင်ပြီး ငါနဲ့တွေ့ဆုံဖို့ဖြစ်ခဲ့တာလဲဘုရယ်။ ကောင်းကင်ထက်က ဆင်းသက်လာပြီး ငါ့ရဲ့တံခါးဝမှာမြင်လိုက်မိကတည်းက အရာရာ မေ့မေ့ပျောက်ပျောက်။ ဒီကမှ ငါ့နှလုံးသားကို ဖြတ်နင်းပြီး ပြန်ထွက်သွားမယ်ဆိုတာ ငါကိုယ်တိုင်မသိခဲ့တာ။

မျက်ရည်ဝဲနေတဲ့အကြည့်နဲ့ စကားစဖို့ ကြိုးစားမိရဲ့။ ဒါပေမယ့်လေ တေးသွားရဲ့သံစဉ်ကို လိုက်မမီသူတစ်ယောက်လို ဆွံ့အ။





ဒါကြောင့် ဟောဒီတံခါးဝက မင်းပြန်ထွက်သွားမယ်ဆိုတာတောင် ငါမတားမိခဲ့ဘူး။

"ပတ်တီးဖြည်ပြီး မျက်လုံးကို ဖြည်းဖြည်းချင်းပဲဖွင့်ပါ"

ရင်တထိတ်ထိတ်နဲ့ ညှော်ပရိသတ်မပါတဲ့ တို့နှစ်ယောက်ရဲ့ မြင်ကွင်း ကြည့်ရင်းနဲ့ အိပ်မက်ဆန်လာတယ်။

တစ်လွှာချင်း ကွာကျလာတဲ့ ပတ်တီးအဖွေးသားက ခုနစ်လွှာကချေသည်လို သွယ်လျ။ ကြည့်ရှုသူအပေါင်းကို ဖမ်းစား။ အငိုက်မိစေတယ်လေ။

"ရပြီ၊ မျက်လုံးကို ဖြည်းဖြည်းချင်းဖွင့်လို့ရပြီ"

ဖြည်းဖြည်းချင်း ပွင့်လာသောပွင့်ချပ်။ ထိုပွင့်ချပ်ထဲကမှ အလှဆုံးဝတ်ဆံ။

"ဟာ"

"ဟယ်"

စကားကို ဘယ်ကစရမှန်းမသိအောင် လှပသောမျက်ဝန်း။ တံစက်မြိတ်အောက် ရီးလေးခိုနေတဲ့ မိုးစက်သဖွယ် ရွှမ်းရွှမ်းလက်လက်မျက်ဝန်း။ ဘယ်သူမှန်းမသိခင် အသည်းနှလုံးကို ခိုးယူသွားသောမျက်ဝန်း။ လှလိုက်တာဘုရယ်။

"ပိုလီ"

"ဘု"

"နင် ငါ့ရှေ့က နည်းနည်းဖယ်ပေးပါလားဟင်"

"ဟာ"

× × ×



www.burmeseclassic.com

www.burmeseclassic.com





နံနက်ခင်းတစ်ခုပါပဲ။

ပန်းဥယျာဉ် တစ်ခုမှာ မျက်လုံး မကောင်းရှာတဲ့ မိန်းကလေးတစ်ယောက်နဲ့ ဆုံမိရဲ့။

ပန်းကုံးတစ်ကုံးကိုသီပြီး သူ့လည်တိုင်ကို ကိုယ်တိုင်ဆွဲပေးမိတယ်။

သူ့လည်တိုင်မှာ ငါသီကုံးထားတဲ့ ပန်းကုံး၊ အလှဆုံးအနေအထားနဲ့ ရှိနေရဲ့။

ငါမျက်ရည်တောင် ကျမိခဲ့။

ဒါပေမယ့် မိန်းကလေးရယ်. .





ပန်းကလေး ဘယ်လောက်လှတယ်ဆိုတာ မိန်းကလေး မမြင်ရှာဘူး။

နောက် ငါသီကုံးထားတဲ့ ပန်းကလေး ဘယ်လောက်မွှေးပျံ့တယ်ဆိုတာ သူ ဥပေက္ခာပြုခဲ့တယ်လေ။

× × ×



www.burmeseclassic.com

www.burmeseclassic.com





"ဒါလေးက နင်နဲ့ပိုလိုက်မယ်ထင်တယ် ဘု"

"အဲဒါက ဈေးကြီးတယ်ဟ"

"သုံးထောင်တည်းပါဘုရယ်၊ ငါ တတ်နိုင်ပါတယ်"

"အဲဒါက တစ်ရက်စာတောင်နော်"

"အရေးမကြီးပါဘူးဟာ၊ နင်လှလှ ပပမဖြစ်ရင် နင့်ဆီ ဘယ်သူလာမှာလဲ၊ ယူလိုက်ပါ"

"ကျေးဇူးပါပဲ ပိုလီရယ်"





နင့်ရဲ့ကျေးဇူးစကားက အင်အားမရှိတဲ့ နံနက်ခင်းလိုပေါ့တယ်။


ဒါပေမယ့် ဘုရယ်။

ရံဖန်ရံခါ အလှတရားက သစ္စာတရားထက် ပိုတန်ဖိုးကြီးတယ်။

× × ×



www.burmeseclassic.com



အိမ်ထဲကို နင်ဝင်လာဖို့ မတောင်းဆိုတော့ပါဘူးဘု။ နင့်အတွက် လွတ်မြောက်လမ်းကိုသာ ညွှန်ပြပါရစေ။ နေရောင်ခြည်ကိုတောင်မှ ဆွေမျိုးမတော်ဘဲ ပြုံးပြတတ်ရင် ငါနှလုံးသားရဲ့အလိုကိုလဲ ဘာလို့မပြုံးပြဘဲ နေနိုင်မှာလဲ။

ဘု။

နင့်ရဲ့ရယ်သံကို ကြားရရင်ကို ရိုင်းစိုင်းတဲ့ငါ့ရင်ခုန်သံမှန်တိုင်း ကလေးငယ်ရဲ့ ပီတိသံလို ချိုးနှိမ်ကျလေရဲ့။ '





နင်သာ တကယ်ပျော်မယ်ဆိုရင်လေ၊ ငါ့မျက်ရည်တွေကို လက်မှတ်ရေးထိုးပြီး ရာသက်ပန်ချုပ်ငြိမ်းပစ်လိုက်ချင်ရဲ့။

အေးလေ၊ ငါမှ စာမတတ်တာ။ စာရေးတတ်လို့ကတော့ ဟောဒီစာကိုရေးနေတဲ့ကောင်လို ရေးပြလိုက်ချင်ရဲ့ဘုရယ်။ အနုအရွတွေနဲ့ ရေးပြလိုက်ချင်ရဲ့။

"သန်းဘုတစ်ယောက် အဆင်ပြေသွားပြီသိလား၊ ရုပ်လေးက လှတော့ ဖောက်သည်ကလဲပေါပ။ တစ်နေ့ကဆို သူ့ကိုလာပို့တဲ့ကားက အသုဘကားကျနေတာပဲ ကြီးလိုက်တာ"

နင့်ရဲ့အောင်မြင်မှုအကြောင်း အကောင်းချည်းကြားနေရလေရဲ့ဘုရယ်။

ရည်မှန်းချက်ကြီးတဲ့ နင့်ရဲ့လမ်း၊ ပန်းခင်းလမ်းဖြစ်နေတာ မထူးဆန်းလှပါဘူး။

ကောင်းကင်ကြီးက လိုချင်တယ်ဆိုမှ ကြယ်တာရာတွေက မလိုက်ပေးလို့ မဖြစ်ဘူးလေ။

ဘုရယ်။

နင့်ဘဝဟာ မိုးရာသီမှာ ရေပြည့်နေတဲ့ မြစ်ရေပြင်လို ပြည့်ဝတည်ငြိမ်စွာ စီးဆင်းပါစေ။

ပရိယာယ်မာယာကွန်ယက်တွေ ဖြန့်ကျက်ယက်လုပ်နေရတဲ့ နင့်ရဲ့ခြေအစုံအောက် လူအများဦးခိုက်ညွတ်တွားကြပါစေ။ ဒါမှ နင်ပိုက်ဆံရမှာလေ။

ငါဆုမွန်ခြွေလိုက်ချင်ရဲ့. .

× × ×



"ပိုလီ"

ဆံပင်နီကြောင်ကြောင် မဟုတ်တော့ဘဲ ဖြောင့်စင်းသွယ်လျလျနဲ့ အလှပဆုံးမနက်ခင်းကို ငါငေးနေမိတယ်သန်းဘု။

အနောက်မှာလဲ အသုဘကားလို ကားနက်ကြီးတစ်စင်းက စုတ်ပြတ်နေတဲ့ အုတ်ဂူလို ငြိမ်ငြိမ်ကြီးရပ်ရဲ့။

"ငါသွားတော့မယ်ပိုလီ"

"ဟင် ဟင် ဘယ်ကိုလဲဟင်"

လှစ်ခနဲအပြုံးကို တွေ့ရဲ့။

"ဦးက ငါ့ကို မြို့ထဲမှာ တိုက်ခန်းငှားပေးတယ်လေ၊ အဲဒီကို မိသားစုလိုက်ပြောင်းနေဖို့"





"ဩဘ်"

အကောင်းစားဝတ်စုံ၊ အကောင်းစားစလင်းဘက်(ခ်)နဲ့ အကောင်းစားဒေါက်ဖိနပ်။ အရင်က နင် ဒီတစ်သက်အိပ်မက်မမက်ခဲ့တဲ့ အရာတွေပေါ့။

ဟုတ်ပါတယ်။ ရွှေရွှေချင်းထပ်မှ မြတ်တော့မှာပေါ့လေ။

"မိုးတိမ်လွှာရေ သွားရအောင်"

ကားထဲက အော်သံ။

ဩဘ် နာမည်တောင် ပြောင်းခဲ့ပြီကိုး။ ဟုတ်ပါတယ်လေ။ နင့်နာမည်အတိုင်းပါပဲ။ နင်ဟာ အခုတော့ မိုးတိမ်လွှာဖြစ်သွားပါပြီ။

ငါဟာ နင့်အတွက် ရတနာရွှေခြေချင်း မဆင်ပေးနိုင်သူ။ ရတနာယပ်တောင် မခတ်ပေးနိုင်သူ၊ ရွှေပုလ္လင်မဆင်ပေးနိုင်သူပါပဲဘုရယ်။ အပြုံးတစ်ချက် လက်ခနဲမြင်ရရင်ကို ကြွေကျနိုင်သူ။

"ရှင့်ကိုမချစ်ဘူးရှင်ရယ်"

ဆိုတဲ့စကား မကြားရတာကိုက ကံကောင်းခြင်းများ။

"ငါသွားပြီပိုလီ"

ချစ်သူရဲ့ ခြေလှမ်းက ပန်းမာလာများလို ပွင့်လိုက်ကြွေလိုက်ပါပဲ။ အရိုင်းပန်းတစ်ပွင့်က အတောင်အလက်စုံလာတော့လဲ ဆွတ်ချင်သူတွေ ပေါများလာတာ ဘာဆန်းလို့လဲ။

ဩဘ်။

ပျော်ရွှင်မှုဆိုတာ တစ်ဒင်္ဂပါပဲလေ။

ထာဝရတည်တံ့ခိုင်မြဲနေတာ

ဝမ်းနည်းခြင်းဆိုတဲ့ တမ်းတလွမ်းဆွေးစိတ်။

ဘုရယ်။

× × ×



www.burmeseclassic.com

www.burmeseclassic.com





[illegible]

နှလုံးသားကို စုတ်စုတ်ပြတ်ပြတ်ဝတ်စေပြီး
သူ့ပုန်းစားအသွင်နဲ့ လမ်းတကာလှည့်တောင်းစေလို့
လွှတ်လိုက်တဲ့အခါ ကြည်နူးမှုအပြုံးဟာ
ကောင်းကင်အနှံ့ ပြန့်ကျဲသွားခဲ့။
နှလုံးသားက အိမ်ပေါက်စေ့တောင်းရှာတယ်။
ခွက်ပြည့်ကာနီးမှ သူ့ခိုးသူ့ဓားက လုယက်
ခံလိုက်ရသလိုမျိုး။
နွမ်းနယ်စွာ တစ်နေ့တာကုန်ဆုံးချိန်မှာ
ပြန်ရောက်လာတယ်။ ခွက်ကိုဆွဲရင်းပေါ့။
အဲဒီအခါမှာ မင်းကလက်ကိုဆွဲလို့
နံဘေးနားထိုင်စေခဲ့တယ်မဟုတ်လား။

ရာဘင်ဒြာနတ်တဂိုး

× × ×







ကောင်းတာကို ဖန်တီးတတ်သူတွေအတွက် တံခါးခေါက်နေရပေမယ့် တံခါးက အလိုလိုဖွင့်ထားပြီးသားပါဘု။

နှလုံးသားဟာ ပြတင်းပေါက်မှာထိုင်နေတုန်းခဏမှာ သောကဟာ ခေါင်းညိတ်ပြီး အပြင်လောကကို ထွက်ခွာသွားပါပြီ။ အသည်းနှလုံးက ညှိုးနွမ်းပေမယ့် အနာဂတ်က လန်းဆန်းနေတယ်။

ကြာရှည်တည်တံ့ခိုင်မြဲတဲ့ အလွမ်းတွေကို ငှါနှုတ်ဖျားက ကောင်းခြင်းတွေနဲ့

www.burmeseclassic.com



ပြန်ခုန်ထွက်လာတယ်။

"လိုက်ရင်လာ လိုက်ရင်လာ၊ ရောက်တယ် ရောက်တယ်၊ ကျော်မယ် ခွမယ် ဆရာရေ့"

ဟုတ်တယ်ဘုံ။ ငါဟာ ငါမျှော်လင့်ခဲ့တဲ့အတိုင်း စပယ်ယာ လိုင်စင်ကိုင်ဆောင်ထားတဲ့ စပယ်ယာကြီးဖြစ်နေပါပြီ။

"ဆွဲ ဆရာရေ့၊ ရှေ့မှတ်တိုင် လူတင်မယ်၊ အဲဒီကောင်ကို ကျော် ကျော်၊ လမ်းပေါ်မှာချရပ်၊ ပေးမတက်နဲ့၊ လိုက်ရင်လာ၊ လိုက်ရင်လာ၊ ဘာလဲ ဟေ့ကောင် မကျေနပ်ဘူးလား၊ ချချင်လို့လား လာလေဟေ့ကောင်၊ ဆွဲ ဆရာရေ့"

အလွမ်းတွေကို မျှော်လင့်ချက်တွေနဲ့ ရိုက်ချိုးပြီး ငါရိုးသား တတ်လာပြီ။ လက်ထဲကိုင်ထားတဲ့ ငါးဆယ်တန်၊ ငါးရာတန်ကအစ ခါးပိုက်ထောင်ထဲနိုးဖွက်၊ ငါရိုးသားတတ်လာပြီ။

ဒါပေမယ့်ဘုံ. .

ငယ်ကချစ်တော့ အနှစ်တစ်ရာ မမေ့သာတဲ့။

ငါနင့်ကို ဘယ်လိုမေ့နိုင်မှာလဲဘုရယ်။ သံသရာတစ်ကွေ့မှာ ပြန်ဆုံတွေ့မယ်ဆိုရင် ငါဟာ နင့်အတွက် အလှဆုံးပန်းကုံးသီပေး ချင်နေဆဲပါဘုရယ်။ စီးဆင်းကျလာတဲ့ ကြည်နူးမှုတွေကို ပန်းကုံး သဖွယ်သီကုံးပြီး မင်းရဲ့ပခုံးထက် သီကုံးပေးလိုက်ချင်ရဲ့။

အခုတော့ကွယ်. .

"ဆရာရေ ရှေ့မှာ ဘီးလေးဘီးလုံး ချရပ်မယ်"

အလွမ်းဆိုတာ တပေါင်းတစည်းတည်း စီးကျလာသလိုမျိုး အရာရာစွဲလမ်းစိတ်နဲ့ မင်းမျက်နှာချည်းပဲ လှမ်းမြင်နေရရဲ့ဘုရယ်။

ဈေးသည်ဝဝကြီးလဲ မင်းမျက်နှာ၊ ရုံးသွားနေတဲ့ စာရေးမ လေးလဲ မင်းမျက်နှာ။ ယာဉ်ထိန်းရဲကြီးလည်း မင်းမျက်နှာ၊ ရုပ်ရှင် ပိုစတာမှာလဲ မင်းမျက်နှာ၊ အရာရာမင်းမျက်နှာချည်းပါပဲလေ။





စွဲလမ်းစိတ်က နှိပ်စက်ပေမယ့် ငါပျော်ပါတယ်ဘုရယ်။ ပျော် ပါတယ်။

အရင်လို ငါကျူးကျော်တဲမှာလဲ မနေတော့ဘူး။ သူများဆီ ကလဲ တောင်းမစားတော့ဘူး။ ကိုယ့်အားကိုယ်ကိုး ငွေလေးနိုးပြီး အဲလေ ဝင်ငွေတိုးပြီး အိမ်တောင်ငှားနေနိုင်ပြီလေ။ ဒါကြောင့်လဲ နင်နဲ့ငါ ပိုဝေးခဲ့တာ နှစ်လကြာရှည်။

ဘုရယ်။ နင်ယုံချင်မှယုံပါ။ ငါ့ရဲ့အိမ်မှာ နင်တစ်ချိန်နားခို ဖို့နေရာလေးတစ်နေရာပြင်ထားရဲ့။ ငါ့ရဲ့ညာဖက်အခြမ်းကလေးမှာ။ ဒါမှမဟုတ် ငါ့ရဲ့နှလုံးသားထောင့်တစ်နေရာမှာပေါ့။

အခု နင်မရှိပေမယ့်လေ နင့်ရဲ့ပုံရိပ်က ရှိပြီးသားပါဘု။ အပြင်မှာ နင်မရှိပေမယ့် ငါ့ရဲ့နှလုံးသားထဲမှာ အမြင်အာရုံထဲမှာ နင်ရှိပြီးသားပါ။

ဘုရယ်။

နင်လိုအပ်တဲ့အခါ ငါ့ဆီလာခဲ့ပါ။

ဒါမှမဟုတ်

နင့်ရုပ်ရည်တွေပျက်စီးပြီး လူတွေမသုံးတော့တဲ့အခါ လာခဲ့ ပါ။

နင့်ဘဝကြီး သုံးမရအောင် စုတ်ပြတ်သွားပြီး လူကြားထဲ မတိုးရဲတော့တဲ့အခါ ငါ့ဆီလာခဲ့ပါ။ ငါကြိုဆိုနေပါ့မယ်။

နင့်ကို လူတွေက လုံးဝလက်မခံနိုင်တော့တဲ့အချိန် လူတွေ ကြားထဲ မနေရဲတဲ့အခါ ငါ့ဆီလာခဲ့ပါ။

နင့်ရဲ့အသက်ရှင်ရုံကျန်တဲ့အချိန်မှ ငါ့ဆီကိုလာခဲ့ပါ။

နင်သေသွားတယ်ဆိုရင်တောင် နင့်ဝိညာဉ်ငါ့ဆီလာခဲ့ပါ။ ငါကြိုဆိုနေပါ့မယ်ဘုရယ်။

အပြင်မှာ နင်မရှိတော့ပေမယ့် ငါ့နှလုံးသားမှာ နင်ရှင်သန်



www.burmeseclassic.com

www.burmeseclassic.com



နေဦးမှာပါ။

အခုတော့လေ အခုတော့. .

"ဆွဲဆရာရေ့၊ ရှေ့မှာရပ်မယ်၊ ဘီးလိုမ့်ထား၊ ဟိုရှေ့က ကောင်တွေ ဘာလုပ်နေတာလဲ၊ ထွက်လေကွာ၊ ဆရာ အဲဒီကောင်တွေမောင်းထုတ်"

စပယ်ယာမျက်စိဆိုတာ သိန်းငှက်မျက်စိလိုပါပဲဘုရယ်။ ဒါပေမယ့် နှင့်ကိုပဲမြင်နေရတယ်လေ။ ရောက်လေရာ ရှာဖွေဆဲပါဘု။ ငါ့အကြည့်က နှင့်ဆီမှာပဲ ရှိရမှာပေါ့။

ဖြတ်လာတဲ့ကားတစ်စီး ငါတို့ကားအကျော်လေးမှာ လာရပ်ရဲ့။

"အာ ဘယ်ကကားလဲ၊ အနောက်က ဝင်ဆောင့်လိုက်ရလို့"

ဆိုပြီး လှမ်းကြည့်မိရဲ့။

အလို ဝတ်ကောင်းစားလှနဲ့ မိန်းမပျိုလေးတွေပါလား။

အားလုံး ပြုံးပြုံးပျော်ပျော်ပါပဲ။ ငါသိပါတယ်။ ဒါဟာ နှင်တို့လို ကေတီဗီတွေလေ။ ဆိုင်သွားဖို့ ကားပေါ်တင်လာတာပေါ့။

"လိုက်ရင်လာ လိုက်ရင်လာ"

အလိုလိုနေရင်း လျှံကျနေတဲ့ ငါ့နှုတ်ဖျားကစကားသံ။

"လိုက်ရင်လာ လိုက်ရင်လာ ဟင်"

ရုတ်တရက်မြင်လိုက်ရတဲ့ပုံရိပ်။

"ဘု ဘုမဟုတ်လား"

ခုနက ကားပေါ်မှာ မြင်လိုက်ရတဲ့ နှင့်ပုံရိပ်။

ပြုံးလို့ရယ်လို့။

"လိုက်ရင်လာ လိုက်ရင်လာ"

စိတ်ကမပါဘဲ နှုတ်ကအလိုလိုလျှံကျ။

ငါ့အသံကြောင့် နှင့်ခေါင်းလေးအရွေ့။ မြင်လိုက်ရတဲ့





အကြည့်တစ်ချက်။

ရင်ခုန်သံတဒိတ်ဒိတ်။

ငါဘယ်လိုမေ့လို့ရမှာလဲဘု။

နှင်မှ နှင်ပါပဲဘုရယ်။

"လိုက်ရင်လာ လိုက်ရင်လာ"

စိတ်ထဲကမပါဘဲ စကားသံက လျှံကျနေဆဲ။ နှင့်အကြည့်က ငါ့ဆီကမရွေ့။ နှင်တွေ့ရဲ့လားဘု။ ကြည့်နေဆဲမှာပဲ ဝူးခနဲမောင်းထွက်သွားတဲ့ နှင်တို့ကား။

"ဟာ"

အာမေဍိတ်သံနဲ့အတူ ရင်ထဲဟာခနဲ။

ရုတ်တရက် အလှတရားကို လုစ်ဟာသွားသလို။ ကောင်းကင်ပေါ်က ပစ်ချခံရတဲ့လူတစ်ယောက်လို၊ လိုအပ်မှုများသိပ်သည်းငါသွားရမယ့်ခရီးမှာ နေဟာ တိမ်ထဲက ဝင်းပလာသလို မြင်ရပြီး ရုတ်တရက်ပျောက်ကွယ်သွားသလိုမျိုး။

ငါ့နှလုံးသားဟာ ဝမ်းနည်းနေတယ်။ ငါ့ရဲ့ခေါ်သံဟာ ဘယ်ကလာတယ်ဆိုတာ နှင်မသိလို့ပါဘု။ နှင်မသိလို့ပါပဲ။

လေပြည်လေညင်းဟာ နေခြည်ဝင်းပနေတဲ့ တိတ်ဆိတ်မှုကြား အရည်ပျော်သွားသလို။ မျက်ရည်ဟာ ဂီတသံနဲ့ အတည်အရည်ပျော်ခဲ့ပြီလေ။

"ဟော့ကောင် ပိုလီ၊ တက်မယ့်လူမရှိရင်သွားမယ်"

"လိုက်ရင်လာ လိုက်ရင်လာ"

နှလုံးသားကမပါဘဲ နှုတ်ကမြည်တမ်းမိနေဆဲ။

ကားကလေးက ငါ့စကားသံမပါဘဲ ဝုန်းခနဲခုန်ထွက်သွားတယ်။

ဘုရယ်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်တံခါးဝကို လာခေါက်ပြီး အိမ်ထဲမဝင်ခဲ့တဲ့ဧည့်သည်လို စိမ်းကားခဲ့။

ငါကြေကွဲနေတာ အတ္တလို့ဆိုရင် အဲဒီအတ္တတွေ ဆက်ပြီးထမ်းပိုးထားချင်ရဲ့။

ငါ့ရဲ့သာယာကြည်နူးမှုအပေါင်းက ဘဝတစ်ခုလုံး အလွမ်းစာတ်အပေါ်မှာ အခြေခံလေတော့ ညည်းငွေ့ဖို့အရှိန် မရှိတော့ပါဘူးဘုရယ်။ နှလုံးသားက မကောင်းမှုမှန်သမျှ မောင်းထုတ်ချင်တောင် နင်ပါသွားမှာစိုးလို့ သိမ်းဆည်းထားသူပါ။

နင့်ကိုမြင်ရတဲ့ခဏ "အောင်မြင်မှုတွေ မလိုချင်တော့ပါဘူးကွယ်"လို့ပဲ မြည်တမ်းလိုက်ချင်ရဲ့။ အခုလို အရှိန်ပြင်းပြင်းမောင်းနှင်နေတဲ့ကားပေါ်ကတောင် ခုန်ဆင်းပြီး နင့်နောက်အပြေးလိုက်ချင်နေတာ ဝေဒနာ။

အခုလို အရှိန်ပြင်းပြင်းမောင်းနှင်နေတဲ့ ကားပေါ်ကတောင် ပြေးလွှားပြီး အတွေးနဲ့ဖြစ်ဖြစ် နင့်နောက်လိုက်သွားလိုက်ချင်ရဲ့ဘုရယ်။

အခုလို အရှိန်ပြင်းပြင်းမောင်းနှင်နေတဲ့

"ကျွီ"

"ဟာ"

အရှိန်ပြင်းပြင်းမောင်းနှင်နေရာက ဘရိတ်ဆောင့်အုပ်လိုက်တော့ ခန္ဓာကိုယ်ယိုင်နဲ့ပြီး လွင့်စင်ကျမတတ်ပါပဲ။ နင့်ကြောင့်ပေါ့ဘု။

"ဟာ ဘာဖြစ်လို့ရပ်တာလဲ ဆရာရဲ့"

"ဟိုမှာ လူလိုက်မယ်လေ၊ မမြင်ဘူးလား"

မှတ်တိုင်မဟုတ်ဘဲ ရပ်လိုက်လို့ကြည့်မိတယ်။

"ဟာ"

ကိုယ့်မျက်စိတောင် ကိုယ်မယုံနိုင်အောင်ပါပဲ။ ငါ့ကားဆီ





လှမ်းလာနေတဲ့ဘု။ ချစ်သောဘု။

ဘာစကားမှ မထွက်လောက်အောင် ကြောင်ငေးနေမိတယ်။

တန်းတန်းမတ်မတ်ပါပဲ။ ဘုက ကားပေါ်တက်လာတယ်။

ကားပေါ်ရောက်တဲ့အထိ ကြောင်ငေးကြည့်နေဆဲ။ အတန်ကြာမှ သတိရပြီး

"ဘယ် ဘယ်သွားမလို့လဲဘု"

သူမ ဘေးဘီဝေ့ကြည့်ပြီး အူကြောင်ကြောင်အမူအယာနဲ့

"မသိဘူးလေ၊ နင်ပဲ လိုက်ရင်လာ၊ လိုက်ရင်လာဆိုပြီး ခေါ်ပြီးတော့"

"ဟာ"

ပျော်ရွှင်မှုက ကောင်းကင်ပေါ် ဆောင်ကျဉ်းလာတယ်။ ချက်ချင်းပဲ

စိတ်ပြောင်းပြီး ပြန်ဆင်းမှာစိုးလို့ပဲ

"မောင်းဆရာမောင်း၊ ဘယ်မှတ်တိုင်မှ မရပ်နဲ့တော့မောင်း"

ခေါ်တိုင်းလိုက်တတ်တဲ့ နင့်ရဲ့ပရော်ဖက်ရှင်နယ်စိတ်ကို ငါလေးစားရဲ့။

ငါ့လို စပယ်ယာကောင်က လိုက်ရင်လာလို့ ခေါ်တာတောင် ပြေးတက်လာရဲတဲ့နင့်ကို ငါဦးမညွတ်ဘဲ မနေနိုင်ဘူး။

ကားကလေးက ဝူးခနဲ။

အဲဒီအချိန်မှာ ကြားလိုက်ရတဲ့အသံက

"သနားကြပါရှင်"

ပိကျိရဲ့အသံ။ မမေ့နိုင်တဲ့ ပိကျိအသံ။

တိုင်ပင်မထားဘဲ နှစ်ယောက်သား ငါးဆယ်တန်တစ်ရွက်စီ ထုတ်မိတယ်။

ပြီးတော့ လေထဲလွင့်ခနဲ။



www.burmeseclassic.com

www.burmeseclassic.com



ကားလေးက ပြောတဲ့အတိုင်း အရှိန်ပြင်းစွာမောင်းနှင်ဆဲ။

ငါတို့ကို တင်ဆောင်ထားတဲ့ကားက အနာဂါတ်ခရီးကို ဦးတည်လို့။

ဟုတ်တယ်။ ငါတို့အနာဂါတ်ကို ဦးတည်နေပြီဘု။

စိတ်ထဲမှာတော့ ဟောဒီဝတ္ထုရေးနေတဲ့ကောင် ဒီမှာပဲ ရပ်လိုက်ရင်ကောင်းမယ်လို့။

လေးစားစွာကြိုးစားလျက်
အကြည်တော်

BURMESE CLASSIC .com



www.burmeseclassic.com